မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း နှစ်ပတ်လည်အစည်းအဝေး ညစာစားပွဲကျင်းပ
လုပ်ရှားမှုထူးချွန်ဆုနှင့် အကောင်းဆုံးစာတမ်းဆုရ ပြည်နယ်နှင့်တိုင်းများအား ဆုချီးမြှင့်

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း (၁၅) ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး ညစာစားပွဲတွင် မြန်မာနိုင်ငံမိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းက ကျေးဇူးတင်စကားပြောကြားစဉ်။ (သတင်းစဉ်)

ရန်ကုန် မေ ၄

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း (၁၅)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး ညစာစားပွဲကို ယနေ့ည၇နာရီတွင် ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် ပါရမီလမ်းနှင့် သံသုမာလမ်းထောင့်ရှိ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဘက်စုံအဆောက်အအုံ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းက အကောင်းဆုံးစာတမ်းဆုရရှိကြသော ပြည်နယ်နှင့် တိုင်းများအား ဆုချီးမြှင့်ရာ ပထမဆုရ ရန်ကုန်တိုင်းအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

တက်ရောက်

ညစာစားပွဲ အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဂုဏ်ထူးဆောင်နာယကများ ဖြစ်ကြသော ဒေါ်ခင်သန်းနွဲ့၊ ဒေါ်ခင်လေးသက်နှင့် ဒေါ်သန်းသန်းနွဲ့၊ မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဗဟိုကောင်စီဝင်များ၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်း၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာ ဒေါ်တင်လင်းမြင့်နှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ပြည်နယ်နှင့်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် တွဲဖက်အတွင်းရေးမှူးများ၊ လူမှုရေးအသင်းအဖွဲ့များမှ ဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ၊ စာပေ၊ ဂီတနှင့် ရုပ်ရှင်အနုပညာရှင်များနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းက ကျေးဇူးတင်စကားပြောကြားသည်။

ဂါရဝလက်ဆောင်ပေးအပ်

ထို့နောက် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာကျော်မြင့်အား မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းက ဂါရဝလက်ဆောင်ပေးအပ်သည်။

ယင်းနောက် ၂၀၀၄ခုနှစ်အတွက် လှုပ်ရှားမှုထူးချွန်ဆု ရရှိကြသော တိုင်းများကို ဆုများချီးမြှင့်ရာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာကျော်မြင့်က ပထမဆုရ ရန်ကုန်တိုင်း၊ ဒုတိယဆုရ ဧရာဝတီတိုင်း၊ တတိယဆုရ စစ်ကိုင်းတိုင်းနှင့် မန္တလေးတိုင်း၊ နှစ်သိမ့်ဆု(၁)ရ မကွေးတိုင်းနှင့်နှစ်သိမ့်ဆု(၂)ရ တနင်္သာရီတိုင်းတို့အား ဆုများချီးမြှင့်သည်။

ဆုများချီးမြှင့်

ဆက်လက်၍ ၂၀၀၄ခုနှစ်အတွက် လှုပ်ရှားမှုထူးချွန်ဆု ရရှိကြသော ပြည်နယ်များအား ဆုများချီးမြှင့်ရာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာမြဦးက ပထမဆုရ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ဒုတိယဆုရ မွန်ပြည်နယ်၊ တတိယဆုရ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ နှစ်သိမ့်ဆု(၁)ရ ရခိုင်ပြည်နယ်နှင့် နှစ်သိမ့်ဆု(၂)ရ ရှမ်းပြည်နယ်(တောင်ပိုင်း)တို့အား ဆုများချီးမြှင့်သည်။

ယင်းနောက်အကောင်းဆုံးစာတမ်းဆုရရှိကြသော ပြည်နယ်နှင့်တိုင်းများအား ဆုများချီးမြှင့်ရာ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းက ပထမဆုရ ရန်ကုန်တိုင်း၊ ဒုတိယဆုရတနင်္သာရီတိုင်း၊ တတိယဆုရ စစ်ကိုင်းတိုင်းနှင့် မွန်ပြည်နယ်၊ အထူးဆုရရှိကြသော ရခိုင်ပြည်နယ်နှင့် ဧရာဝတီတိုင်းတို့အားဆုများချီးမြှင့်သည်။

တည်ခင်းဧည့်ခံ

ဆက်လက်၍ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်တင်လင်းမြင့်က အသင်းမှရိုက်ကူးထုတ်လုပ်ခဲ့သော "မျှော်လင့်ခြင်းများစွာ" ပညာပေး ဗီဒီယိုဇာတ်ကားနှင့် "အသက်တမျှ"ပညာပေးဗီဒီယိုဇာတ်ကားတို့တွင် ရေးသားရိုက်ကူးစီစဉ်သရုပ်ဆောင်ခဲ့ကြသော ရုပ်ရှင်နှင့် ဗီဒီယိုအနုပညာရှင်များအား ဂုဏ်ပြုလက်ဆောင်များချီးမြှင့်ပြီး ဧည့်သည်တော်များအား ညစာဖြင့် တည်ခင်းဧည့်ခံသည်။ **(သတင်းစဉ်)**

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က ၂၀၀၄ခုနှစ်အတွက် လှုပ်ရှားမှုထူးချွန်ဆုရသောတိုင်းများအား ဆုချီးမြှင့်ရာ ပထမဆုရ ရန်ကုန်တိုင်းအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

ရန်ကင်းဓမ္မိကဓမ္မာရုံအောင်စကြာ (မိုးကုတ်) ဆရာတော်တရားပွဲ

ရန်ကုန် မေ ၄

ရန်ကုန်တိုင်း ရန်ကင်းမြို့နယ် အမှတ် (၅)ရပ်ကွက် ဓမ္မိကဓမ္မာရုံ၌ ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း သာကေတမြို့ အောင်စကြာမိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာ၏ ကမ္မဋ္ဌာနာစရိယ နယ်လှည့်ဓမ္မကထိက အောင်စကြာ အရှင်စန္ဒသိရီ (ဓမ္မာစရိယ)အရှင်သူမြတ်က မေ ၆ ရက်မှ ၈ရက်အထိ ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပါဒ်တရားတော်များ ဟောကြားမည်ဖြစ်ရာ ညစဉ် ၇နာရီ၌ တရားနာယူနိုင်ကြောင်း သိရသည်။ **(က-ပ)**

---

* ရှေ့ဖုံးမှ

အစည်းအဝေးတွင် သဘာပတိအဖြစ် မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းက ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် တွဲဖက်အတွင်းရေးမှူး(၂) ဒေါက်တာဒေါ်သိန်းသိန်းဌေးက ဆောင်ရွက်သည်။

ဖြည့်စွက်ဆွေးနွေး

အစည်းအဝေး ဒုတိယနေ့အစီအစဉ်အရ ပြည်နယ်နှင့်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့များ၏ လေ့လာချက်စာတမ်းများ ဖတ်ကြားတင်သွင်းခြင်းအစီအစဉ်ကိုကျင်းပရာ ကချင်ပြည်နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့၏ ကချင်ပြည်နယ်လူငယ်များ၏ မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ ဗဟုသုတလေ့လာချက်စာတမ်းကို အတွင်းရေးမှူး ဒေါက်တာမောင်မောင်မြင့်ကလည်းကောင်း၊ ကယားပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့၏ ကန္တာရဝတီမှအပြိုးပန်းများခေါင်းစဉ်ဖြင့် နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲများအား ဆန်းစစ်လေ့လာခြင်းစာတမ်းကို အတွင်းရေးမှူး ဒေါက်တာခင်မောင်ဝင်းကလည်းကောင်း၊ ကရင်ပြည်နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့၏ အိုင်အိုဒင်းဆားစားသုံးမှုနှင့် လည်ပင်းကြီးရောဂါဖြစ်ပွားမှုလေ့လာခြင်းစာတမ်းကို အတွင်းရေးမှူး ဒေါက်တာဌေးနောင်ကလည်းကောင်း၊ ချင်းပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့၏ ချင်းပြည်နယ် ဟားခါးမြို့ကျောင်းသား လူငယ်များအတွင်း ဆေးလိပ်သောက်သုံးမှုနှင့်သက်ဆိုင်သော လေ့လာချက်များစာတမ်းကို အတွင်းရေးမှူး ဒေါက်တာသန်းထွန်းဦးကလည်းကောင်း၊ စစ်ကိုင်းတိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့၏ ကျေးလက်ဒေသလူငယ်များ အကာအကွယ်ပစ္စည်းအသုံးပြုမှုအပေါ်သိရှိနားလည်မှုလေ့လာချက်စာတမ်းကို အတွင်းရေးမှူး ဒေါက်တာကျော်ရှိန်ကလည်းကောင်း၊ တနင်္သာရီတိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့၏ HIV/AIDSနှင့်ပတ်သက်ပြီး လူငယ်များ သိနားလည်ခံယူဆောင်ရွက်မှုကို လေ့လာခြင်းစာတမ်းကို တွဲဖက်အတွင်းရေးမှူး ဒေါက်တာဒေါ်စန်းစန်းသီကလည်းကောင်း၊ ပဲခူးတိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့၏ ကိုယ်တိုင်ကျင့် တစ်ဆင့်ပွားမိခင်ကလေးရဲ့အား စာတမ်းကို အတွင်းရေးမှူး ဒေါက်တာဌေးအောင်ကလည်းကောင်း အသီးသီးဖတ်ကြားတင်သွင်းကြပြီး အစည်းအဝေးသဘာပတိ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးကာ အစည်းအဝေးကို နံနက်၁၀နာရီခွဲတွင် ခေတ္တရပ်နားသည်။

ထို့နောက် နံနက် ၁၁ နာရီတွင် အစည်းအဝေးကို ဆက်လက်ကျင်းပရာ သဘာပတိအဖြစ် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်တင်လင်းမြင့်က ဆောင်ရွက်သည်။

စာတမ်းများဖတ်ကြားတင်သွင်း

အစီအစဉ်အရ မကွေးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့၏ သားအိမ်ခေါင်းကင်ဆာဖြစ်ပွားမှုလေ့လာခြင်းစာတမ်းကို အတွင်းရေးမှူး ဒေါက်တာကျော်လှမြင့်ကလည်းကောင်း၊ မွန်ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့၏ မွန်ပြည်နယ် တီဘီရောဂါနှင့်ပတ်သက်၍ အိမ်ထောင်ရှင်မများ၏ အသိတရား၊ ခံယူချက်နှင့်သက်ဆိုင်သော လေ့လာချက်စာတမ်းကို အတွင်းရေးမှူး ဒေါက်တာတင်ဝင်းကျော်ကလည်းကောင်း၊ မန္တလေးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့၏ မြို့ပြနှင့်ကျေးလက်နေ အမျိုးသားများအကြား ခုခံအားကျဆင်းမှုကူးစက်ရောဂါနှင့် ပတ်သက်သော

စာမျက်နှာ ၈ ကော်လံ ၁

မြန်မာနိုင်ငံ၌ သမိုင်းအစဉ်အလာအရ မိသားစုအသွင်ဖြင့် စုပေါင်းဝိုင်းဝန်း လုပ်ဆောင်မှုများရှိနေ စုပေါင်းလုပ်ဆောင်မှုများတွင် လူတိုင်းကိုယ်ပိုင်အသိစိတ်ဓာတ် စေတနာဖြင့် ပါဝင်လေ့ရှိ အိုင်အယ်လ်အိုအနေဖြင့် မြန်မာ့ယဉ်ကျေးမှု ဓလေ့ထုံးတမ်းစဉ်လာများကို နားလည်ခြင်းမရှိဘဲ စုပေါင်းလမ်းဖောက်၊ တံတားဆောက်ခြင်းကို အဓမ္မစေခိုင်းသည်ဟု တစ်ဖက်သတ်စွပ်စွဲ

ယင်းစွပ်စွဲချက်ကို မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းအနေဖြင့် ရှုတ်ချ

ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေး အဖွဲ့ဥက္ကဋ္ဌက ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

မန္တလေးတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေး အဖွဲ့ဥက္ကဋ္ဌက ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေး အဖွဲ့၏ 'ဒေါပုံမြို့နယ်အတွင်း ပြည်သူလူထုအခြေပြု စိတ်ကျန်းမာရေးသုတေသန ဆန်းစစ်လေ့လာခြင်းနှင့် စောင့်ရှောက်ခြင်း' စာတမ်းကို အတွင်းရေးမှူး ဒေါက်တာလှမြင့်က ဖတ်ကြားတင်သွင်းစဉ်။ (သတင်းစဉ်)

ချင်းပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေး အဖွဲ့၏ 'ချင်းပြည်နယ် ဟားခါးမြို့ ကျောင်းသားလူငယ်များအတွင်း ဆေးလိပ်သောက်သုံးမှုနှင့် သက်ဆိုင်သော လေ့လာချက်များ' စာတမ်းကို အတွင်းရေးမှူး ဒေါက်တာသန်းထွန်းဦးက ဖတ်ကြားတင်သွင်းစဉ်။ (သတင်းစဉ်)



တနင်္သာရီတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေး အဖွဲ့၏ 'HIV / AIDS နှင့် ပတ်သက်ပြီး လူငယ်များသိနားလည်ခံယူ ဆောင်ရွက်မှုကို လေ့လာခြင်း' စာတမ်းကို တွဲဖက်အတွင်းရေးမှူး ဒေါက်တာဒေါ်စန်းစန်းသီက ဖတ်ကြားတင်သွင်းစဉ်။ (သတင်းစဉ်)

ဧရာဝတီတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေး အဖွဲ့၏ 'ဉာဏ်ရည်ဖွံ့ဖြိုးမှုနောက်ကျသော ကလေးများကို ဖော်ထုတ်၍ ကျန်းမာရေး၊ လူမှုရေး အလေ့အထများနှင့် ဆက်စပ်လေ့လာခြင်း' စာတမ်းကို တွဲဖက်အတွင်းရေးမှူး ဒေါက်တာဒေါ်အေးအေးမူက ဖတ်ကြားတင်သွင်းစဉ်။ (သတင်းစဉ်)

မန္တလေးတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေး အဖွဲ့၏ 'မြို့ပြနှင့်ကျေးလက်နေ အမျိုးသားများအကြား ခုခံအားကျဆင်းမှု ကူးစက်ရောဂါနှင့် ပတ်သက်သော အသိပညာ ဗဟုသုတခံယူချက်သဘောထားနှင့် အပြုအမူဆိုင်ရာ' စာတမ်းကို အတွင်းရေးမှူး ဒေါက်တာခင်မောင်ထွန်းက ဖတ်ကြားတင်သွင်းစဉ်။ (သတင်းစဉ်)

ရခိုင်ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေး အဖွဲ့၏ 'ရခိုင်ပြည်နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၏ လေဘေးသင့်ပြည်သူများသို့ အရေးပေါ်ပြန်လည်ထူထောင်ရေးနှင့်တုံ့ပြန်ကာကွယ်ရေးလှုပ်ရှားဆောင်ရွက်မှု' စာတမ်းကို အတွင်းရေးမှူး ဒေါက်တာခင်အောင်ချိုက ဖတ်ကြားတင်သွင်းစဉ်။ (သတင်းစဉ်)

စစ်ကိုင်းတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေး အဖွဲ့၏ 'ကျေးလက်ဒေသ လူငယ်များအကာအကွယ်ပစ္စည်း အသုံးပြုမှုအပေါ် သိရှိနားလည်မှုစာတမ်း'ကို အတွင်းရေးမှူး ဒေါက်တာကျော်ရှိန်က ဖတ်ကြားတင်သွင်းစဉ်။ (သတင်းစဉ်)

ကရင်ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေး အဖွဲ့၏ 'အိုင်အိုဒင်းဆား စားသုံးမှုနှင့် လည်ပင်းကြီးရောဂါဖြစ်ပွားမှုလေ့လာခြင်း' စာတမ်းကို အတွင်းရေးမှူး ဒေါက်တာ ဌေးနောင်က ဖတ်ကြားတင်သွင်းစဉ်။ (သတင်းစဉ်)

ရှမ်းပြည်နယ်(တောင်ပိုင်း) မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့၏ 'ကျေးလက်ကျန်းမာရေးဖွံ့ဖြိုးမှုနှင့် ဆည်းဆာနေညိုချိန်များ' စာတမ်းကို အတွင်းရေးမှူး ဒေါက်တာစိုင်းခမ်းလှိုင်က ဖတ်ကြားတင်သွင်းစဉ်။ (သတင်းစဉ်)

ပဲခူးတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေး အဖွဲ့၏ 'ကိုယ်တိုင်ကျင့် တစ်ဆင့်ပွား မိခင်ကလေးရဲ့အား' စာတမ်းကို အတွင်းရေးမှူး ဒေါက်တာဌေးအောင်က ဖတ်ကြားတင်သွင်းစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၇မှ

အသိပညာဗဟုသုတ ခံယူချက်သဘောထားနှင့် အပြုအမူဆိုင်ရာ စာတမ်းကို အတွင်းရေးမှူး ဒေါက်တာခင်မောင်ထွန်းကလည်းကောင်း၊ ရခိုင်ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့၏ ရခိုင်ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၏ လေဘေးသင့် ပြည်သူများသို့ အရေးပေါ်ပြန်လည်ထူထောင်ရေးနှင့် တုံ့ပြန်ကာကွယ်ရေး လှုပ်ရှားဆောင်ရွက်မှု စာတမ်းကို အတွင်းရေးမှူး ဒေါက်တာခင်အောင်ချိုကလည်းကောင်း၊ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့၏ ဒေါပုံမြို့နယ်အတွင်း ပြည်သူလူထုအခြေပြု စိတ်ကျန်းမာရေးသုတေသနဆန်းစစ်လေ့လာခြင်းနှင့် စောင့်ရှောက်ခြင်းစာတမ်းကို အတွင်းရေးမှူး ဒေါက်တာလှမြင့်က လည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း) မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေး အဖွဲ့၏ ကျေးလက်ကျန်းမာရေးဖွံ့ဖြိုးမှုနှင့် ဆည်းဆာနေညိုချိန်များစာတမ်းကို အတွင်းရေးမှူး ဒေါက်တာစိုင်းခမ်းလှိုင်ကလည်းကောင်း အသီးသီး ဖတ်ကြားတင်သွင်းကြပြီး အစည်းအဝေးကို ခေတ္တရပ်နားသည်။

ယင်းနောက် မွန်းလွဲ ၂ နာရီတွင် အစည်းအဝေးကို ဆက်လက်ကျင်းပရာ အစည်းအဝေးသဘာပတိအဖြစ် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းက ဆောင်ရွက်သည်။

အစီအစဉ်အရ ရှမ်းပြည်နယ်(မြောက်ပိုင်း) မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့၏ ကလေးသူငယ်ကျန်းမာဖို့ ကျန်းမာဝန်းကျင်ထူထောင်စို့ စာတမ်းကို အတွင်းရေးမှူး ဒေါက်တာအောင်ဝင်းက လည်းကောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့၏ ဖဲကြိုးနီနီ စာတမ်းကို အတွင်းရေးမှူး ဒေါက်တာမြင့်အောင်ကလည်းကောင်း၊ ဧရာဝတီတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့၏ ဉာဏ်ရည်ဖွံ့ဖြိုးမှုနောက်ကျသော ကလေးများကိုဖော်ထုတ်၍ ကျန်းမာရေး၊ လူမှုရေး အလေ့အထများနှင့်ဆက်စပ်လေ့လာခြင်း စာတမ်းကို တွဲဖက်အတွင်းရေးမှူး ဒေါက်တာဒေါ်အေးအေးမူကလည်းကောင်း အသီးသီး ဖတ်ကြားတင်သွင်းကြရာ အစည်းအဝေးသဘာပတိ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းက လိုအပ်သည်များကို ဖြည့်စွက် ဆွေးနွေးသည်။

ထို့နောက် အစည်းအဝေးတက်ရောက်လာကြသူများက အထွေထွေကိစ္စရပ်များကို ဆွေးနွေးတင်ပြကြရာ ရှေးဦးစွာ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဗဟိုကော်မတီဝင်များ၊ ပြည်နယ်နှင့်တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူးများက ပြည်နယ်နှင့်တိုင်းများရှိ မိသားစုများအား ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာ စောင့်ရှောက်မှုများဆောင်ရွက်ပေးရေး ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အကြံပြုဆွေးနွေးတင်ပြကြသည်။

အခြေခံကျ

ယင်းနောက် မန္တလေးတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌက ဆွေးနွေးတင်ပြရာတွင် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးလုပ်ငန်းများ တိုးတက်လာစေရေးအတွက် လမ်းဖောက်ခြင်း၊ တံတားဆောက်ခြင်း စသည့်လုပ်ငန်းများသည် အခြေခံကျသည့် အကြောင်းတရားများ ဖြစ်ကြောင်း။

ထို့ကြောင့် မိမိတို့ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များ အပါအဝင် NGO အဖွဲ့အစည်းများ၊ ပြည်သူများသည် လမ်းဖောက်ခြင်း၊ တံတားဆောက်ခြင်းလုပ်ငန်းများတွင် မိမိဆန္ဒအလျောက် လုပ်အားကုသိုလ်များ ပေးလျက်ရှိကြကြောင်း။

5-5 (08).p65 2 3/25/05, 12:00 AM

မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအဆင့်ဆင့် မိသားစုဝင်ငွေရရှိရေးကြိုးစားဆောင်ရွက်လျက်ရှိ အီးယူနှင့် အနောက်နိုင်ငံအချို့ စီးပွားရေးပိတ်ဆို့မှုများပြုလုပ်၍ မိခင်များအလုပ်လက်မဲ့ဖြစ်ရ

မိခင်များ၊အမျိုးသမီးများအပါအဝင်အလုပ်လုပ်သူရှစ်သောင်းကျော်နှင့် မိသားစုလေးသိန်းထိခိုက်နစ်နာ မြန်မာနိုင်ငံအပေါ် တစ်ဖက်သတ်ပိတ်ပင်သည့် အီးယူနှင့်အနောက်နိုင်ငံအချို့၏လုပ်ရပ် ရှုတ်ချ

မြန်မာနိုင်ငံတွင် သမိုင်းအစဉ်အလာအရ မိသားစုအသွင်ဖြင့် စုပေါင်းဝိုင်းဝန်းလုပ်ဆောင်မှုများ ရှိနေပါကြောင်း၊ မိဘဘိုးဘွားဘီဘင်လက်ထက်မှစပြီး တစ်ဦး၏ အိမ်ပြင်လျှင် တစ်ရွာလုံးက ဝိုင်းဝန်းကူညီမှု၊ စိုက်ပျိုးရေးလုပ်ငန်းများတွင်လည်း လက်စားလိုက်စနစ်ဖြစ် စုပေါင်းထွန်ယက်ပျိုးနုတ် ကောက်စိုက်မှုများသည် မြန်မာတိုင်းရင်းသားတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာအဖြင့် နှစ်ပေါင်းထောင်ချီပြီးလုပ်ဆောင်ခဲ့ကြခြင်းပင် ဖြစ်ပါကြောင်း၊ မြန်မာတိုင်းရင်းသားတို့၏ ဘာသာရေးအရ၊ ယဉ်ကျေးမှုအရ စုပေါင်းလုပ်ဆောင်မှုများတွင် လူတိုင်းအနေဖြင့် ကိုယ်ပိုင်အသိစိတ်ဓာတ်၊ စိတ်စေတနာ ပြဋ္ဌာန်းချက်ဖြင့် ပါဝင်လုပ်ဆောင်လေ့ရှိပါကြောင်း။

တစ်ဖက်သတ်စွပ်စွဲ

သို့ရာတွင် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့(ILO) အနေဖြင့် မြန်မာတို့၏ ယဉ်ကျေးမှုဓလေ့ထုံးတမ်းစဉ်လာများကို သိရှိနားလည်သဘောပေါက်ခြင်းမရှိဘဲ စုပေါင်းလမ်းဖောက်ခြင်း၊ စုပေါင်းတံတားဆောက်ခြင်း စသည်တို့ကို အဓမ္မခိုင်းစေသည်ဟု တစ်ဖက်သတ်စွပ်စွဲပြီး မိမိတို့နိုင်ငံအပေါ် ထိခိုက်နစ်နာအောင်၊ ဂုဏ်သိက္ခာညှိုးနွမ်းအောင် လုပ်ဆောင်နေကြောင်း။

မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုထုံးတမ်းစဉ်လာများကို မသိနားမလည်သူများ၏ ကွဲပြားခြားနားသော သဘောထားအမြင်ကြောင့် မြန်မာ့ယဉ်ကျေးမှုဓလေ့ထုံးတမ်းများတွင် အနုတ်လက္ခဏာဆောင်သော ပေးဆပ်ရမှုများပင် ရှိလာခဲ့ပါကြောင်း။

လူမှုရေးအသင်းတစ်သင်းဖြစ်သည့် မိမိတို့မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအနေဖြင့် (ILO)၏ တစ်ဖက်သတ်စွပ်စွဲချက်များကို ရှုတ်ချပါကြောင်း၊ မိမိတို့အသင်းဝင်များအနေဖြင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများတွင် ဆက်လက်ပါဝင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ဆွေးနွေးတင်ပြသွားသည်။

အလုပ်လက်မဲ့များ

ဆက်လက်၍ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌက မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းကြီး၏ လမ်းညွှန်ချက်နှင့်အညီ ပြည်နယ်နှင့်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အဆင့်ဆင့်တို့က မိသားစုများ တစ်ဖက်တစ်လမ်းမှ ဝင်ငွေရရှိပြီး လူမှုဘဝအဆင့်အတန်းမြင့်မားလာအောင် မိသားစုဝင်များ အလုပ်ရရှိရေး၊ ဝင်ငွေတိုးရေးတို့ကို လုပ်ငန်းစဉ်တစ်ရပ်အနေဖြင့် အထူးကြိုးစားဆောင်ရွက်လျက်ရှိကြောင်း၊ သို့သော် EUနှင့် အနောက်နိုင်ငံအချို့က မိမိတို့မြန်မာနိုင်ငံအပေါ် စီးပွားရေးအရ ပိတ်ဆို့မှုများပြုလုပ်ခဲ့သည့်အတွက် စက်ရုံ၊ အလုပ်ရုံအချို့ ပိတ်သိမ်းခဲ့ရသဖြင့် အလုပ်အကိုင်ရရှိနေသော မိခင်များ၊ အမျိုးသမီးများမှာ အလုပ်လက်မဲ့ဖြစ်၍ ဝင်ငွေများလျော့နည်းလာသည့်အတွက် မိသားစုများ၏ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးတို့ကို များစွာထိခိုက်စေခဲ့ကြောင်း။

ယင်းသို့ တစ်ဖက်သတ်ပိတ်ပင်မှုကြောင့် မြန်မာနိုင်ငံတွင် လက်ခစားစနစ်ဖြင့်ဆောင်ရွက်ခဲ့သော အထည်အလိပ်လုပ်ငန်းမှ စက်ရုံပေါင်း ၁၆၀ ကျော်ပိတ်ခဲ့ရပြီး စက်ရုံပေါင်း၄၀၌လည်း လုပ်သားအင်အားများ လျှော့ချခဲ့ရကြောင်း။

ထိခိုက်နစ်နာ

ထို့ကြောင့် မိခင်များ၊ အမျိုးသမီးများအပါအဝင် အလုပ်လုပ်သူရှစ်သောင်းကျော် အလုပ်လက်မဲ့ဖြစ်ခဲ့ရပြီး ၎င်းတို့အပေါ်မှီခိုနေရသည့် ကလေးသူငယ်များအပါအဝင် မိသားစု လေးသိန်းကျော်၏ လူနေမှုဘဝထိခိုက်နစ်နာခဲ့ရပါကြောင်း။

ထို့ကြောင့် မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအနေဖြင့် EUနှင့် အနောက်နိုင်ငံအချို့၏ မြန်မာနိုင်ငံအပေါ် တစ်ဖက်သတ်ပိတ်ပင်သည့် အဆိုပါလုပ်ရပ်ကို ရှုတ်ချပါကြောင်း၊ မိမိတို့အသင်းအနေဖြင့်လည်း မိသားစုဝင်ငွေတိုးလုပ်ငန်းများကို ဆက်လက်၍ ပိုမိုတိုးတက်အောင် ကြိုးစားဆောင်ရွက်သွားရန်လိုအပ်ပါကြောင်း စသည်ဖြင့်ဆွေးနွေးတင်ပြသည်။

ထို့နောက် မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းက အသင်းကြီး၏ရှေ့လုပ်ငန်းစဉ်များကိုရှင်းလင်းပြောကြားသည်။

ဆုံးဖြတ်ချက်များချမှတ်

ဆက်လက်၍ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်တင်လင်းမြင့်က အသင်းကြီး၏ ရှေ့လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ အသေးစိတ် ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာကြသူများက အကြံပြုဆွေးနွေးတင်ပြကြကာ ဆုံးဖြတ်ချက်များ ချမှတ်ကြသည်။

ထို့နောက် သဘာပတိ မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းက နိဂုံးချုပ်အမှာစကားပြောကြားရာ၌ အစည်းအဝေးနှစ်ရက်တာကာလတွင် ပြည်နယ်နှင့်တိုင်းအားလုံးသည် မိမိတို့ တစ်နှစ်စာကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် လှုပ်ရှားမှုများ၊ စာတမ်းများကို အသီးသီးဖတ်ကြားတင်သွင်းသွားကြသည်များမှာ အားရကျေနပ်စရာကောင်းကြောင်း။

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းကြီး၏ တစ်နိုင်ငံလုံး၌ ဆောင်ရွက်နိုင်ခဲ့မှုရလဒ်အတိုင်းအတာကိုလည်း သိရှိခဲ့ရခြင်းဖြစ်ကြောင်း၊ ယခုအစည်းအဝေးတွင်လည်း ပြည်နယ်နှင့်တိုင်းများ၏ အကြံပြုချက်များကို အခြေခံပြီး ဗဟိုမှ ရှေ့လုပ်ငန်းစဉ်များချမှတ်ပြီး ဆက်လက် ဆောင်ရွက်နိုင်ရန် လမ်းညွှန်မှုများ ပေးထားကြောင်း။

စေတနာထားဆောင်ရွက်

မိခင်ကျန်းမာမှ ရင်သွေးငယ်များ ဖွံ့ဖြိုးကျန်းမာနိုင်မှာဖြစ်၍ မိခင်ရော ရင်သွေးပါကျန်းမာပြီး လူမှုဘဝအဖွဲ့အစည်းလည်း မြင့်မားတိုးတက်လာမှာဖြစ်ကြောင်း၊ ထို့ကြောင့် မိခင်များ၊ မွေးကင်းစကလေးများနှင့် ကလေးသူငယ်များ၏ ကျန်းမာရေးအတွက် မိမိတို့ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အဆင့်ဆင့်မှ အသင်းဝင်များသည် စေတနာထားပြီး ဆောင်ရွက်သွားကြရမှာဖြစ်သည်ဟု မှာကြားလိုကြောင်း။

မိခင်နှင့်ကလေးများ၏ လုပ်ငန်းများကို ဦးစားပေးဆောင်ရွက်သွားသကဲ့သို့ ကျန်လုပ်ငန်းစဉ်များဖြစ်သည့် ပြည်သူလူထုအခြေပြု ကျန်းမာရေး လုပ်ငန်းများ၊ ပညာရေးလုပ်ငန်းများ၊ စီးပွားရေး၊ လူမှုရေးလုပ်ငန်းစဉ်များကိုလည်း ဆက်လက်အလေးထားဆောင်ရွက်သွားကြရန် ပြောကြားလိုကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင်လည်း တစ်နှစ်ထက်တစ်နှစ် အရည်အသွေး မြှင့်တင်ဆောင်ရွက်နိုင်ရန် ကြိုးပမ်းသွားကြရမှာဖြစ်ကြောင်း။

ဤကဲ့သို့ လုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်အတွက် အသင်းဝင်များ ပိုမိုတိုးတက်လာအောင် စည်းရုံးကြရမှာဖြစ်ကြောင်း၊ ယခုအချိန်တွင် တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် အသင်းဝင်ပေါင်း ရှစ်ရာခိုင်နှုန်းခန့်ရှိ နေပြီဖြစ်သည်ကို တွေ့ရှိရကြောင်း၊ ပြည်နယ်နှင့်တိုင်းအလိုက် ရည်မှန်းချက်ထားပြီး အသင်းဝင်တိုးပွားအောင် စည်းရုံးဆောင်ရွက်သွားကြရန်လည်း တိုက်တွန်းပြောကြားလိုကြောင်း။

ကြိုးပမ်းဆောင်ရွက်

မိမိတို့အသင်းသည် တစ်နိုင်ငံလုံး အတိုင်းအတာအနေဖြင့် ပါဝင်ဆောင် ရွက်လျက်ရှိသည်ကို တွေ့ရှိရသည့်အတွက် ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ တွဲဖက်အတွင်းရေးမှူးများနှင့် အသင်းဝင်များအားလုံး၏ ဆောင်ရွက်ချက်များအတွက် ဂုဏ်ပြုမှတ်တမ်းတင်ကြောင်း၊ အခကြေးငွေ၊ ထောက်ပံ့ငွေ ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မိမိတို့၏ မှန်ကန်သည့် စေတနာနှင့် လုပ်အားများ၊ စိတ်ဓာတ်များကို အမြဲတည်တံ့နေအောင်၊ တိုးတက်နေအောင်၊ အရည်အချင်းပြည့်မီနေအောင် အစဉ်ကြိုးပမ်းစွမ်းဆောင်သွားကြပါဟု တိုက်တွန်းပြောကြားလိုကြောင်း။

မိမိတို့ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းကြီးသည် နိုင်ငံတော်၏ အားထားရသော အမျိုးသားရေးစွမ်းအားစုတစ်ရပ်အဖြစ် အစဉ်အမြဲတည်တံ့ခိုင်မာနေအောင် မိမိတို့အားလုံး၏ ဖြူစင်သည့်မေတ္တာ စေတနာ၊ ကိုယ်ကျိုးမဖက်သည့်စွမ်းဆောင်မှုများဖြင့် အများပြည်သူတို့အတွက် အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း။

ယခုအခါ နိုင်ငံတော်အစိုးရသည် မိမိတို့၏ နိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးဖြစ်အောင် ဘက်စုံထောင့်စုံမှ ကြိုးပမ်းတည်ဆောက်နေသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်ကြီးအဖြစ် အေးချမ်းတည်ငြိမ်စွာ ကူးပြောင်းနိုင်ရေးအတွက် မူဝါဒလမ်းစဉ်(၇)ရပ်ချမှတ်ပြီး ကြိုးပမ်းဆောင်ရွက်နေချိန်တွင် ပြည်ပြေးစဝ်ခမ်ဖနှင့် အပေါင်းအပါတစ်စုတို့၏ ပြည်ထောင်စုကြီးပြိုကွဲပျက်စီးအောင်၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပျက်ပြားအောင်၊ ပြည်သူအများ လိုလားတောင့်တနေကြသည့် ဒီမိုကရေစီ အသွင်ကူးပြောင်းရေးလုပ်ငန်းများ ထိခိုက်ပျက်စီးအောင် လုပ်ဆောင်လာသည်ကို အားလုံးကြားသိကြပြီး ဖြစ်ကြောင်း။

မြန်မာနိုင်ငံ၏ သမိုင်းကို ပြန်ကြည့်လျှင် ကျဉ်းမြောင်းသော လူမျိုးရေးစိတ်ဓာတ်ကို အခြေခံသည့် အမှားများကြောင့် တိုင်းပြည် တည်ငြိမ်အေးချမ်းမှုပျက်ပြားကာ တိုင်းရင်းသားပြည်သူများ နှစ်ပေါင်း ၄၀ကျော် အတိဒုက္ခ ရောက်ခဲ့ကြရပါကြောင်း။

၎င်းအမှားကို သင်ခန်းစာမယူနိုင်ဘဲ ပြည်ပြေးရှမ်းစော်ဘွားအနွယ်များက ပြည်ပအားကိုးဖြင့် ပြည်ထောင်စုကြီး ပြိုကွဲအောင် ရည်ရွယ်ချက်ရှိရှိဖြင့် တစ်ကျော့ပြန်လုပ်ဆောင်လာခြင်း ဖြစ်ပါကြောင်း။

ပြင်းထန်စွာရှုတ်ချဆန့်ကျင်

ပြည်ပလက်ပါးစေ ပြည်ပြေးအဖျက်သမားများ၏ ရည်ရွယ်လုပ်ဆောင်ချက်များသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးအတွက် အန္တရာယ်အလွန်ကြီးမားသဖြင့် မိမိတို့အသင်းကြီးအနေဖြင့် ပြင်းထန်စွာရှုတ်ချ ဆန့်ကျင်ကြောင်းနှင့် နိုင်ငံတော်၏ အင်အားစုတစ်ရပ်အဖြစ် ခိုင်ခိုင်မာမာ ရပ်တည်ပြီး နိုင်ငံတော်နှင့် ပြည်သူ့အကျိုးကို ထာဝရသယ်ပိုးဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းဖြင့် ပြောကြားသွားသည်။

ယင်းနောက် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း (၁၅) ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး ညနေပိုင်းတွင် အောင်မြင်စွာ ကျင်းပပြီးစီးသွားသည်။ **(သတင်းစဉ်)**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့၏ 'ဖဲကြိုးနီနီ' စာတမ်းကို အတွင်းရေးမှူး ဒေါက်တာမြင့်အောင်က ဖတ်ကြား တင်သွင်းစဉ်။ (သတင်းစဉ်)

ကယားပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့၏ 'ကန္တာရဝတီမှ အပြုံးပန်းများ' ခေါင်းစဉ်ဖြင့် နှုတ်ခမ်းကွဲ၊အာခေါင်ကွဲများအား ဆန်းစစ်လေ့လာခြင်း စာတမ်းကို အတွင်းရေးမှူး ဒေါက်တာခင်မောင်ဝင်းက ဖတ်ကြားတင်သွင်းစဉ်။ (သတင်းစဉ်)



မွန်ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့၏ 'မွန်ပြည်နယ် တီဘီရောဂါနှင့်ပတ်သက်၍အိမ်ထောင်ရှင်မများ၏အသိတရား၊ခံယူချက်နှင့်သက်ဆိုင်သော လေ့လာချက်' စာတမ်းကို အတွင်းရေးမှူး ဒေါက်တာတင်ဝင်းကျော်က ဖတ်ကြားတင်သွင်းစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း (၁၅) ကြိမ်မြောက်နှစ်ပတ်လည်အစည်းအဝေး ဒုတိယနေ့တွင် အခမ်းအနားမှူးအဖြစ် မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း တွဲဖက်အတွင်းရေးမှူး(၂) ဒေါက်တာဒေါ်သိန်းသိန်းဌေးက ဆောင်ရွက်စဉ်။ (သတင်းစဉ်)

မကွေးတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့၏ 'သားအိမ်ခေါင်းကင်ဆာဖြစ်ပွားမှု လေ့လာခြင်း' စာတမ်းကို အတွင်းရေးမှူး ဒေါက်တာကျော်လှမြင့်က ဖတ်ကြားတင်သွင်းစဉ်။ (သတင်းစဉ်)

ရှမ်းပြည်နယ်(မြောက်ပိုင်း) မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့၏ 'ကလေးသူငယ်ကျန်းမာဖို့ ကျန်းမာဝန်းကျင် ထူထောင်စို့' စာတမ်းကို အတွင်းရေးမှူး ဒေါက်တာအောင်ဝင်းက ဖတ်ကြားတင်သွင်းစဉ်။ (သတင်းစဉ်)

ကချင်ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့၏ 'ကချင်ပြည်နယ် လူငယ်များ၏ မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ ဗဟုသုတလေ့လာချက်' စာတမ်းကို အတွင်းရေးမှူး ဒေါက်တာမောင်မောင်မြင့်က ဖတ်ကြားတင်သွင်းစဉ်။ (သတင်းစဉ်)

(၅၉)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ ဂုဏ်ပြုဆောင်းပါး

မီးဘေးအန္တရာယ်ကင်းရေး ကြိုတင်ကာကွယ်မှုသည် အဓိကကျ ပြည်သူများ ပူးပေါင်းပါဝင်သည်နှင့်အမျှ မီးလောင်မှုကျဆင်းမည်

တွေ့ဆုံမေးမြန်း-အောင်နိုင်(ကြေးမုံ) သတင်းဓာတ်ပုံ-ငွေအောင်(ကြေးမုံ)

ရန်ကုန် မေ ၅

မေလ ၅ ရက်နေ့(ယနေ့)သည် **"မီးသတ်တပ်ဖွဲ့နေ့"** ဖြစ်သည်။ မြန်မာနိုင်ငံ လွတ်လပ်ရေး ကြိုးပမ်းမှုကာလ ဖြစ်သော ၁၉၄၆ခုနှစ် မေလ ၅ရက်နေ့တွင် မီးသတ်အစည်းအရုံးကြီးအဖြစ် စတင်မွေးဖွားလာခဲ့သော မီးသတ်တပ်ဖွဲ့၏ သက်တမ်းသည် ယခုနှစ်တွင် (၅၉)နှစ်တိုင်တိုင် ရှိခဲ့ပြီဖြစ်ရာ နှစ်(၆၀)ပြည့် အကြိုကာလသို့ ရောက်ရှိခဲ့ပြီ ဖြစ်သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ လက်ထက်တွင် မီးသတ်တပ်ဖွဲ့ကို ပြောင်းလဲတိုးတက်လာသော ခေတ်နှင့်အညီ ခေတ်မီမီးသတ်တပ်ဖွဲ့ဖြစ်လာရေး အတွက် မီးသတ်တပ်ဖွဲ့ဝင်များ တိုးချဲ့ဖွဲ့စည်းရေး၊ ခေတ်မီ မီးသတ်ပညာရပ်များကို ကျွမ်းကျင်တတ်မြောက်သည့် အရည်အသွေး ပြည့်ဝထက်မြက်သော မီးသတ်တပ်ဖွဲ့ဝင်များ ဖြစ်လာအောင် လေ့ကျင့်ပေးရေးတို့ကို ဦးတည် ဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ ဆောင်ရွက်လျက်ရှိသည်နှင့်အညီ ဗဟိုမီးသတ်သင်တန်းကျောင်းကြီးကို ပြင်ဦးလွင်တွင် နိုင်ငံတော်က ဖွဲ့စည်းတည်ထောင်ပေးထားပြီး ခေတ်မီ မီးသတ်ပညာရပ်များ သင်ယူနိုင်ရန်အတွက်လည်း မီးသတ်အရာရှိများကို ပြည်ပနိုင်ငံများသို့ မပြတ်စေလွှတ်ပေးလျက်ရှိသည်။ မီးသတ်ဦးစီးဌာနသည်-

- **ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်းရှိ တိုင်းရင်းသားပြည်သူများ၏ အသက်၊ အိုးအိမ်ပစ္စည်းများ၊ နိုင်ငံတော်ပိုင် ကုန်ထုတ်အရင်းအနှီးများ၊ အဆောက်အအုံများကို မီးဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်ရန်၊**
- **သဘာဝအလျောက်ဖြစ်ပွားတတ်သော ဘေးအန္တရာယ်အသွယ်သွယ်ကို ပြည်သူများ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး ကာကွယ်တားဆီးရန်၊**
- **နိုင်ငံတော် အေးချမ်းသာယာရေး၏ အရန်အင်အားအဖြစ် လေ့ကျင့်ဖွဲ့စည်းတည်ဆောက်ရန်**

ဟူသည့် မွန်မြတ်မြင့်မားသော ရည်ရွယ်ချက်များ ချမှတ်ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် အဓိကတာဝန်ကြီး (၅)ရပ်ဖြစ်သော-

(၁) **မီးသတိမူရေး**
(၂) **မီးဘေးကြိုတင်ကာကွယ်ရေး**
(၃) **မီးငြိမ်းသတ်ရေး**
(၄) **လူမှုရေးနှင့်**
(၅) **နိုင်ငံတော်အေးချမ်းသာယာရေး၏ အရန်အင်အားအဖြစ် လေ့ကျင့်ဖွဲ့စည်းတည်ဆောက်ရေး**

ဟူသော တာဝန်များကိုသတ်မှတ်ပြီး မီးသတ်လုပ်ငန်းစဉ် (၇)ရပ်ချမှတ်ကာ တာဝန်ဝတ္တရားများကို တိကျကျေပွန်စွာ ထမ်းဆောင်လျက်ရှိနေသည်။

အသက်ကယ်အဖွဲ့ (Rescue Team)မှ အဖွဲ့ဝင်များ ကြိုးချည်နည်းကို လက်တွေ့လေ့ကျင့်နေကြစဉ်။

မီးသတ်တပ်ဖွဲ့၏ လုပ်ငန်း ဆောင်တာများနှင့် စပ်လျဉ်း၍ အသိပေးတင်ပြနိုင်ရန်အတွက် (၅၉)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ကျင်းပရေး ကြိုတင်ပြင်ဆင်မှု ကာလအတွင်း ကြေးမုံသတင်းအဖွဲ့သည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်အချို့နှင့် လက်လှမ်းမီသမျှ တွေ့ဆုံမေးမြန်းခဲ့သည်။

ရှေးဦးစွာ ကြေးမုံသတင်းအဖွဲ့က တွေ့ဆုံမေးမြန်းခွင့်ရရှိခဲ့သူမှာ မီးသတ်ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဇော်ဝင်းဖြစ်သည်။

ကြေးမုံ။ ။ မြန်မာနိုင်ငံမှာ မီးလောင်မှုဘေးအန္တရာယ်ဖြစ်ပေါ်မှုနဲ့ပတ်သက်လို့ အနည်းငယ်မျှ ရှင်းပြပေးပါခင်ဗျာ။

ဦးဇော်ဝင်း ။ ။ ကျွန်တော်တို့နိုင်ငံမှာ မီးလောင်မှုအန္တရာယ် အများဆုံးဖြစ်ပေါ်တဲ့နေရာတွေကတော့ စီးပွားရေးဖွံ့ဖြိုးပြီး လူနေထူထပ်တဲ့ဒေသတွေဖြစ်တဲ့ ရန်ကုန်တိုင်း၊ မန္တလေးတိုင်း၊ ပဲခူးတိုင်းနဲ့ ဧရာဝတီတိုင်းတို့ဖြစ်ပါတယ်။ ဒုတိယအများဆုံးကတော့ စစ်ကိုင်းတိုင်း၊ မကွေးတိုင်းနဲ့ ရှမ်းပြည်နယ်တို့ ဖြစ်ပါတယ်။

စာရင်းဇယားများအရ တစ်ပြည်လုံးမှာ ပျမ်းမျှ မီးလောင်မှုအကြိမ် ၁၁၅၃ ကြိမ်ခန့် နှစ်စဉ် ဖြစ်ပေါ်လျက်ရှိပါတယ်။ ဆုံးရှုံးမှုတန်ဖိုးအနေနဲ့လည်း နှစ်စဉ် ပျမ်းမျှ ကျပ်သန်း ၈၃၀ ခန့် မီးလောင်ဆုံးရှုံးနေတယ်လို့ လေ့လာတွေ့ရှိရပါတယ်။

ဒါကြောင့် ပျမ်းမျှအားဖြင့် ကြည့်မယ်ဆိုရင် ကျွန်တော်တို့နိုင်ငံမှာ ရှစ်နာရီ တစ်ကြိမ် မီးလောင်မှုဖြစ်ပေါ်ပြီး မီးတစ်ကြိမ်လောင်တိုင်း ကျပ်ခုနစ်သိန်းကျော်ဖိုးလောက် ဆုံးရှုံးသွားတယ်လို့ ဆိုရပါမယ်။ ဒီနေရာမှာ ကျွန်တော် ကြားဖြတ်ပြောကြားလိုတာကတော့ နိုင်ငံ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ မီးလောင်မှုပိုမိုဖြစ်ပွားလာပြီး ဆုံးရှုံးမှုတန်ဖိုးလည်း ပိုမိုကြီးမားလာတတ်တယ်ဆိုတဲ့ သဘာဝပဲဖြစ်ပါတယ်။ ဥပမာအားဖြင့် ဂျပန်နိုင်ငံမှာဆိုရင် ရှစ်မိနစ်ခွဲ တစ်ကြိမ်ကျ မီးလောင်မှု ဖြစ်ပွားလျက်ရှိပါတယ်။

စက်မှုဇုန်တွေမှာပဲ ဖြစ်ဖြစ်၊ လူနေရပ်ကွက်တွေမှာပဲဖြစ်ဖြစ် မီးငြိမ်းသတ်ရေးအတွက် ဂါလန် ၁၀၀၀၀ ကနေ ၅၀၀၀၀ လောက်ဆံ့တဲ့ မီးသတ်ရေကန်တွေကိုတည်ဆောက်ထားရှိဖို့ လိုအပ်ပါတယ်။

ဦးအောင်ကျော်မြင့်၊
ရန်ကုန်တိုင်း မီးသတ်ဦးစီးဌာနမှူး။

ဘေးအန္တရာယ်နဲ့ကြုံလာရင် ဖုန်းနံပါတ် (၁၉၁)ကို အမြန်ဆုံးဆက်သွယ်လိုက်ပါ။

ဦးကျော်မင်း၊
အသက်ကယ်အဖွဲ့ တာဝန်ခံခေါင်းဆောင်
(ကျောင်းအုပ်၊ ရန်ကုန်မီးသတ်သင်တန်းကျောင်း)

ကြေးမုံ။ ။ မီးသတ်ဦးစီးဌာနအနေနဲ့ ခေတ်မီအဆောက်အအုံတွေ၊ ဟိုတယ်တွေ စသည်တို့မှာ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် စစ်ဆေးမှု၊ အကြံပေးမှုတွေ ပြုလုပ်ပေးလျက်ရှိတယ်လို့လည်း သိရပါတယ်။ အဲဒါလည်း ရှင်းပြပေးပါဦး။

ဦးဇော်ဝင်း။ ။ မီးလောင်တဲ့အခါမှာ အကြမ်းအားဖြင့် အဆင့်သုံးဆင့် ခွဲခြားသတ်မှတ်နိုင်ပါတယ်။ ပထမအဆင့်က သိသိချင်း သိတဲ့လူက ချက်ချင်းငြိမ်းသတ်လို့ရနိုင်တဲ့အဆင့်၊ဒုတိယအဆင့်က ပတ်ဝန်းကျင်အကူအညီတောင်းပြီး ငြိမ်းသတ်နိုင်တဲ့အဆင့်နဲ့ တတိယအဆင့်ကတော့ ကျွမ်းကျင်တဲ့မီးသတ်သမားတွေ၊ မီးသတ်စက်ကိရိယာတွေ သုံးစွဲပြီးတော့မှ ငြိမ်းသတ်နိုင်တဲ့အဆင့်ဖြစ်ပါတယ်။

ဒါကြောင့် ခေတ်မီအဆောက်အအုံတွေ ဆောက်လုပ်တဲ့ အခါမှာ ပထမအဆင့် မီးသေးကို သိရှိငြိမ်းသတ်နိုင်ဖို့ မီးထောက်လှမ်းမှု အာရုံခံကိရိယာတွေ၊ အချက်ပေးခေါင်းလောင်းတွေ၊ အလိုအလျောက်ရေဖျန်းစနစ်၊ မီးသတ်ဘူး စသည်တို့ ထားရှိဖို့လိုအပ်ပါတယ်။

ဒုတိယအဆင့် မီးလတ်ကို ငြိမ်းသတ်နိုင်ဖို့အတွက် ရေပိုက်ထားရှိဖို့နဲ့ မီးသတ်ပညာ လေ့ကျင့်ထားသူတွေ ရှိဖို့ လိုပါတယ်။

တတိယအဆင့် မီးကြီးကို ငြိမ်းသတ်နိုင်ဖို့အတွက်ကတော့ မီးသတ်သမားတွေအတွက် ပစ္စည်းတင်ဓာတ်လှေကားတွေကို မီးသတ်ဓာတ်လှေကားအဖြစ် သုံးစွဲနိုင်အောင် လုပ်ထားရပါမယ်။ ဓာတ်အားပြတ်တောက်သွားချိန်မှာ သုံးစွဲနိုင်ဖို့ ဂျင်နရေတာတွေရှိဖို့၊ အထပ်တိုင်းမှာ မီးသတ်ရေပိုက်တွေ ထားရှိဖို့လိုပါတယ်။ ကျွန်တော်တို့ အကြံပြုချက်နဲ့အညီ လုံလောက်တဲ့ မီးသတ်စနစ်တွေထားရှိမှုကိုလည်း မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူတွေက အခါအားလျော်စွာ လိုက်လံစစ်ဆေးပေးလျက်ရှိပါတယ်။

ကြေးမုံ။ ။ မီးငြိမ်းသတ်မှုလုပ်ငန်းရဲ့ သဘောသဘာဝကိုလည်း သိပါရစေ။

မီးလောင်မှုဟာ စောစောသိလေ၊ ငြိမ်းသတ်ရလွယ်ကူလေ၊ ဆုံးရှုံးမှု နည်းပါးလေပါပဲ။
ဒါကြောင့် မီးလောင်မှုဖြစ်တာနဲ့ ဖြစ်နိုင်သမျှ အမြန်ဆုံးအကြောင်းကြားပါ။

ဦးဇော်ဝင်း၊
ညွှန်ကြားရေးမှူး မီးသတ်ဦးစီးဌာန။

ဦးဇော်ဝင်း။ ။ ခုနက ကျွန်တော် ပြောခဲ့သလို မီးလောင်မှုအဆင့် သုံးဆင့်ရှိရာမှာ များသောအားဖြင့် မီးကို ပထမအဆင့်၊ ဒုတိယအဆင့် ငြိမ်းသတ်လို့မနိုင်တော့မှ ကျွန်တော်တို့ မီးသတ်က သိရတာများပါတယ်။ ဆိုတော့ကာ ကျွန်တော်တို့က တတိယလူပေါ့ဗျာ။ မီးလောင်မှုဟာ စောစောသိလေ၊ ငြိမ်းသတ်ရလွယ်ကူလေ၊ ဆုံးရှုံးမှု နည်းပါးလေပါပဲ။ ဒါကြောင့် မီးလောင်မှုဖြစ်ပွားတာနဲ့ ဖြစ်နိုင်သမျှ အမြန်ဆုံး အကြောင်းကြားပါ၊ ဖြစ်ပွားတဲ့နေရာကို အတိအကျပြောပါ၊ ကျွန်တော်တို့ဘက်က ပြင်ဆင်ချိန်တစ်မိနစ်နဲ့ ယာဉ်မောင်းချိန်ပဲ ကြာပါတယ်။ ယာဉ်မောင်းချိန် ဆိုတာကလည်း မီးသတ်စခန်းနဲ့ အခင်းဖြစ်ပွားတဲ့နေရာ နီးရင်နီးသလောက် လျင်မြန်မှာပဲဖြစ်ပါတယ်။

ရန်ကုန်တိုင်းအတွင်း မီးဘေးကြိုတင်ကာကွယ်ရေးနှင့် မီးငြိမ်းသတ်ရေးလုပ်ငန်း ဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ ကြေးမုံက တွေ့ဆုံမေးမြန်းခဲ့သူမှာ ရန်ကုန်တိုင်း မီးသတ်ဦးစီးဌာနမှူး ဦးအောင်ကျော်မြင့် ဖြစ်သည်။

ကြေးမုံ။ ။ နိုင်ငံတော် ခေတ်မီဖွံ့ဖြိုးတိုးတက်လာတာနဲ့အမျှ ရန်ကုန်မြို့မှာလည်း မြို့တော်အင်္ဂါရပ်နဲ့အညီ ခေတ်မီအထပ်မြင့် အဆောက်အအုံများ ဆောက်လုပ်လာကြပါတယ်။ အထပ်မြင့်အဆောက်အအုံများ မီးဘေးကာကွယ်ရေးနဲ့ပတ်သက်လို့ ရှင်းပြပါခင်ဗျာ။

ဦးအောင်ကျော်မြင့်။ ။ အထပ်မြင့် အဆောက်အအုံများ မီးအန္တရာယ်ကာကွယ်ရေးအတွက် မြို့ရွာနဲ့အိုးအိမ်ဖွံ့ဖြိုးရေး ဦးစီးဌာနမှာ ကျွန်တော်တို့ မီးသတ်ဦးစီးဌာနက

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ✦

ခေတ်မီ မီးသတ်ကိရိယာဖြင့် လေ့ကျင့်နေသော အသက်ကယ်အဖွဲ့ အဖွဲ့ဝင်တစ်ဦးကို တွေ့ရစဉ်။

✥ **စာမျက်နှာ ၁၀ ဆောင်းပါးမှအဆက်**

ပညာရှင်များပါဝင်ပြီး အဆောက်အအုံပုံစံ ရေးဆွဲစဉ်ကတည်းက မီးအန္တရာယ်ကာကွယ်ရေးအတွက် ထည့်သွင်းရေးဆွဲဖို့ အကြံပေးလျက်ရှိပါတယ်။

တည်ဆောက်ပြီးသား အထပ်မြင့် အဆောက်အအုံများကိုလည်း ဗိုလ်နယ်တာဝန်ခံများက ဝင်ရောက်လေ့လာထားပြီး မီးအန္တရာယ်ကြုံတွေ့လာခဲ့ရင် ဘယ်လိုဆောင်ရွက်မယ်ဆိုတာကို ဇာတ်တိုက်လေ့ကျင့်ထားပါတယ်။

ကြေးမုံ ။ ။ မြို့တော် ဆင်ခြေဖုံးဒေသတွေမှာ မီးဘေးကာကွယ်ရေး ဆောင်ရွက်မှုတွေကိုလည်း သိပါရစေ။

ဦးအောင်ကျော်မြင့် ။ ။ ဆင်ခြေဖုံးဒေသများ မီးဘေးကာကွယ်ရေးအတွက် ကျွန်တော်တို့ မြို့နယ်အလိုက်၊ ရပ်ကွက်အလိုက် ဖွဲ့စည်းထားတဲ့ အရန်မီးသတ်တပ်ဖွဲ့ဝင်များကတစ်ဆင့် မီးဘေးကြိုတင်ကာကွယ်ရေး ပညာပေးမှု၊ မီးသုံးစွဲမှု စစ်ဆေးမှုတို့ကို အပတ်စဉ်ဆောင်ရွက်ပြီး ဌာနချုပ်ကို အစီရင်ခံတင်ပြလျက်ရှိပါတယ်။ ဒီလို ဆောင်ရွက်တဲ့နေရာမှာ ပြည်သူများကလည်း ပူးပေါင်းပါဝင်လာတဲ့ အတွက်ကြောင့်မို့ လူနေအိမ်ခြေ မီးလောင်မှု အရေအတွက် လျော့နည်းကျဆင်းလာတာကို တွေ့ရပါတယ်။

ကြေးမုံ ။ ။ မီးလောင်မှုဖြစ်ပေါ်လာတဲ့အခါမှာ မီးသတ်တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်တဲ့လုပ်ငန်းကို လုပ်ကြရပါတယ်။ အဲဒီအခါမှာ ရင်ဆိုင်ကြုံတွေ့ရတတ်တဲ့ အခက်အခဲတွေကိုလည်း ရှင်းပြပါဦး။

ဦးအောင်ကျော်မြင့်။ ။ ပထမဆုံး ကျွန်တော်တို့ ရင်ဆိုင်ကြုံတွေ့ရတဲ့အခက်အခဲကတော့ မီးလောင်မှုဖြစ်ပွားတဲ့နေရာမှာ ဝိုင်းအုံကြည့်ရှုသူများနဲ့ ပိတ်ဆို့နေတတ်တာပဲဖြစ်ပါတယ်။ အဲဒီလို ဝိုင်းအုံနေသူတွေများပေမယ့် ကျွန်တော်တို့ကို အကူအညီပေးသူကတော့ သိပ်ကိုနည်းပါတယ်။ နောက်တစ်ခု ရင်ဆိုင်ရတာကတော့ ကျွန်တော်တို့ မီးသတ်တပ်ဖွဲ့ကို နားလည်မှု အားနည်းသူတချို့က အမနာပ ပြောကြတာပဲဖြစ်ပါတယ်။ နောက်အခက်အခဲကတော့ ကျွန်တော်တို့ ရန်ကုန်မြို့တွင်းက နံပါတ်ပါတဲ့လမ်းတွေဟာ ကျဉ်းမြောင်းပါတယ်။ အဲဒီလို ကျဉ်းမြောင်းတဲ့ထဲက ညအိပ်ကားတွေကို စည်းကမ်းမဲ့ ရပ်ထားတဲ့အခါကျတော့ မီးသတ်ကားတွေ ဝင်ထွက်ရာမှာ များစွာအခက်အခဲတွေ့ရပါတယ်။ နောက်တစ်ခုကတော့ ရေရရှိရေးပါပဲ။ ကျွန်တော်တို့ မီးသတ်ကားတွေမှာ ရေဂါလန် ၃၅၀ကနေ ၈၀၀ အထိပဲ ပါပါတယ်။ ရေဂါလန် ၈၀၀ ပါတဲ့ ကားတစ်စီးဟာ သုံးမိနစ်ပဲ ရေပက်နိုင်ပါတယ်။ ပါလာတဲ့ရေ ကုန်တဲ့အခါမှာ အနီးဆုံးရေရရှိမယ့်နေရာကို သွားကြရပါတယ်။ ဒါကြောင့်မို့ စက်မှုဇုန်တွေမှာပဲဖြစ်ဖြစ်၊ လူနေရပ်ကွက် တွေမှာပဲဖြစ်ဖြစ် မီးငြိမ်းသတ်ရေးအတွက် ဂါလန် ၁၀၀၀၀ ကနေ ၅၀၀၀၀ လောက်ဆံ့တဲ့ မီးသတ်ရေကန်တွေကို တည်ဆောက်ထားရှိဖို့ လိုအပ်ပါတယ်။

ကြေးမုံ ။ ။ မီးဘေးကာကွယ်ရေးအတွက် ပြည်သူတွေအပိုင်းက ဘယ်လို ပူးပေါင်းပါဝင်သင့်ပါသလဲ။

ဦးအောင်ကျော်မြင့် ။ ။ ပြည်သူတွေအပိုင်းက ကျွန်တော်တို့ မီးသတ်တပ်ဖွဲ့ရဲ့ မီးဘေးကာကွယ်ရေး အကြံပေးမှုတွေကို လိုက်နာဆောင်ရွက်သင့်ပါတယ်။

မီးလောင်မှုဖြစ်ပွားလာရင် ချက်ချင်း အကြောင်းကြားဖို့ လိုပါတယ်။

မီးလောင်တဲ့နေရာကို မီးသတ်ကားတွေ ဝင်ထွက်သွားလာမှု လွယ်ကူအောင် ကူညီဆောင်ရွက်ပေးကြရမှာဖြစ်ပါတယ်။

အနီးဆုံး ရေအသေအချာရရှိနိုင်မယ့်နေရာကို ကူညီညွှန်ပြပေးပါလို့လည်း တင်ပြလိုပါတယ်။

မီးလောင်ပြင်တွင် မီးသတ်သမားတစ်ယောက်၏ လုပ်ဆောင်ရမည့်လုပ်ငန်းရပ်များမှာ အသက်ကယ်ရေး၊ မီးငြိမ်းသတ်ရေးနှင့် ဆုံးရှုံးမှုတန်ဖိုး သက်သာအောင် ဆောင်ရွက်ရေးပင်ဖြစ်သည်။ မီးသတ်လုပ်ငန်းတွင် အသက်ကယ်လုပ်ငန်းသည် အဓိကဆောင်ရွက်ရမည့် လုပ်ငန်းကြီးတစ်ခုဖြစ်သကဲ့သို့ အခြားသဘာဝ ဘေးအန္တရာယ်များ ကျရောက်မှုနှင့် လူမှုရေး အခက်အခဲများတွင်ပါ မီးသတ်တပ်ဖွဲ့ဝင်များက ဝင်ရောက်ကူညီကယ်ဆယ်ကြရသည်။ ယင်းလုပ်ငန်းတာဝန်ကို ကျွမ်းကျင် ထက်မြက်စွာ ဆောင်ရွက်နိုင်ရန်အတွက် သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များထဲမှ ကိုယ်ခန္ဓာကြံ့ခိုင်မှု၊ စိတ်ဓာတ်ခိုင်မာမှု၊ လုပ်ငန်းကျွမ်းကျင်မှု၊ ဉာဏ်ရည်ဉာဏ်သွေး ထက်မြက်မှုရှိသူများကိုစုစည်း၍ အသက်ကယ်အဖွဲ့ (Rescue Team) အဖြစ် ဖွဲ့စည်းလေ့ကျင့်ပေးလျက်ရှိသည်။ ယခင်က မီးသတ်တပ်ဖွဲ့တွင် ရေပြင်အသက်ကယ်အဖွဲ့မျှသာ ရှိခဲ့သော်လည်း ၁၉၉၈ခုနှစ်က စတင်၍ နိုင်ငံတော်၏ အားပေးမှုဖြင့် ခေတ်မီ Rescue Team အဖြစ် တိုးတက်ဖြစ်ပေါ်လာခဲ့သည်။ အသက်ကယ်အဖွဲ့နှင့် စပ်လျဉ်း၍ တာဝန်ခံခေါင်းဆောင် (Rescue Team Commander) ဖြစ်သူ ဦးကျော်မင်း (ကျောင်းအုပ်၊ ရန်ကုန် မီးသတ်သင်တန်းကျောင်း) နှင့် ဆက်လက်တွေ့ဆုံမေးမြန်းခဲ့သည်။

ကြေးမုံ။ ။ မီးသတ်တပ်ဖွဲ့ရဲ့ အသက်ကယ်အဖွဲ့နဲ့ ပတ်သက်လို့ သိကောင်းစရာလေးတွေကို အကျဉ်းမျှ ရှင်းပြပေးပါခင်ဗျား။

ဦးကျော်မင်း ။ ။ မီးလောင်မှု ဖြစ်ပွားရာမှာ ကျွန်တော် တို့မီးသတ်တပ်ဖွဲ့ဝင်တွေ ဆောင်ရွက်ရတဲ့ အဓိက တာဝန်ဟာ အသက်ကယ်ရေးနဲ့ မီးငြိမ်းသတ်ရေး တာဝန်နှစ်ရပ်ဖြစ်ပါတယ်။ ဒါ့အပြင် တခြားဘေးအန္တရာယ်ဖြစ်တဲ့ ရေဘေး၊ လေဘေး၊ ငလျင်ဘေးအန္တရာယ်တွေ၊ မြေပြိုမှု၊ အဆောက်အအုံပြိုကျမှုတွေ အပါအဝင် ဘေးအန္တရာယ် အသွယ်သွယ်တွေကနေ အသက်အန္တရာယ်ကယ်ဆယ်ရေးလုပ်ငန်းတွေ ဆောင်ရွက်ပေးနိုင်ဖို့အတွက် သန္ဓေမီးသတ်တပ်ဖွဲ့ဝင်တွေထဲက အရည်အချင်း ပြည့်ဝသူတွေကို ထုတ်နုတ်လေ့ကျင်ပေးပြီး အသက်ကယ်အဖွဲ့ (Rescue Team) ကို ဖွဲ့စည်းထားပါတယ်။ ဒီအဖွဲ့အနေနဲ့ မိမိတို့ရဲ့ လုပ်ငန်းတာဝန်များကို အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့ပါတယ်။ အဲဒီလို အောင်မြင်စွာထမ်းဆောင်နိုင်ဖို့ကိုလည်း လေ့ကျင့်မှုအကြိမ်များစွာကို အကြိမ်ကြိမ်အဖန်ဖန် ပြင်းပြင်းထန်ထန် လေ့ကျင့်ကြရပါတယ်။ ကြီးမားတဲ့ သဘာဝ ဘေးအန္တရာယ်မျိုးတွေ ပေါ်ပေါက်လာခဲ့ရင် အသက်ကယ် လုပ်ငန်းတွေ စုပေါင်း ဆောင်ရွက်နိုင်ဖို့ အရန်မီးသတ် တပ်ဖွဲ့ဝင်တွေ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်တွေ၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်တွေကိုပါ သင်တန်းများ ဖွင့်လှစ်သင်ကြားပေးခဲ့ပါတယ်။

ကြေးမုံ။ ။ အထပ်မြင့်အဆောက်အအုံများမှာ မီးဘေးအန္တရာယ်နဲ့ ရင်ဆိုင်ကြုံတွေ့ရင် ပြုလုပ်သင့်တဲ့ အချက်တွေကို ရှင်းပြပေးပါခင်ဗျား။

ဦးကျော်မင်း ။ ။ အဓိကအကျဆုံး အချက်တစ်ခုကတော့ ဘေးအန္တရာယ်မှ လွတ်မြောက်ဖို့အတွက် ကြိုတင်စီမံမှုတွေရှိရင် အကောင်းဆုံးပါပဲ။ အထပ်မြင့် အဆောက်အအုံမှာ နေထိုင်ကြသူတွေအတွက် အရေးပေါ်ထွက်ပေါက်၊ အရေးပေါ်လှေကားတွေ ရှိရမှာဖြစ်ပြီး လွယ်လွယ်ကူကူ အသုံးပြုနိုင်ရမှာဖြစ်ပါတယ်။ တကယ်လို့ အဲဒါတွေ မရှိဘူးဆိုရင် နိုင်လွန်ကြိုး (ပလတ်စတစ်ကြိုး မဟုတ်ပါဘူး) ကြိုးလှေကား ဆောင်ထားသင့်ပါတယ်။ ကြိုးလှေကား မဟုတ်ရင်တောင်မှ နိုင်လွန်ကြိုးကို တစ်ပေစီခြား ဖုထုံးထုံးပြီး အသုံးပြုမယ်ဆိုရင်ရပါတယ်။ သက်ကြီးရွယ်အိုတွေနဲ့ ကလေးတွေကိုတော့ ပုဆိုးကွင်းသိုင်းပြီးဖြစ်စေ၊ ကြိုးနဲ့ရင်ဘတ်မှာ ဆိုင်းပြီးတော့ဖြစ်စေ ချပေးနိုင်ပါတယ်။ သုံးထပ်နဲ့အထက်ကနေ ခုန်ချရင် အသက်အန္တရာယ်ရှိနိုင်တာမို့ စိတ်ငြိမ်ငြိမ်ထားဖို့၊ အသက်အန္တရာယ် အနည်းဆုံးနေရာမှာ နေဖို့လိုပါတယ်။ ကျွန်တော်တို့ အသက်ကယ်အဖွဲ့ကတော့ သတင်းရတာနဲ့ အမြန်ဆုံးထွက်လာမှာဖြစ်တဲ့အတွက် သတင်းအမြန်ပေးပို့ကြဖို့ လိုအပ်ပါတယ်။

ကြေးမုံ ။ ။ ပြည်သူများအနေနဲ့ ဘေးအန္တရာယ်ကြုံလာရင် အသက်ကယ်အဖွဲ့ကို ဘယ်လိုဆက်သွယ်ရမလဲ။

ဦးကျော်မင်း ။ ။ ဖုန်းနံပါတ် ဝမ်းနိုင်းဝမ်း (၁၉၁) ကို အမြန်ဆုံး ဆက်သွယ်လိုက်ပါ။ ရန်ကုန်တိုင်း မီးသတ်ဦးစီးဌာန ကွပ်ကဲရေးရုံး ဖြစ်ပါတယ်။ ကျွန်တော်တို့ အမြန်ဆုံး ရောက်လာပါမယ်။

ကြေးမုံ ။ ။ ဘေးအန္တရာယ် ကာကွယ်ရေးအတွက် ပြည်သူတွေ ဆောင်ရွက်သင့်တဲ့အချက်တွေကို ရှင်းလင်းပြောပြပေးပါဦး။

ဦးကျော်မင်း ။ ။ ဘေးအန္တရာယ် ဖြစ်မလာအောင် ကြိုတင်ကာကွယ်မှုဟာ အရေးကြီးပါတယ်။ ပြည်သူများအနေနဲ့ မိမိအိမ်မှာ လူတစ်ယောက်မှမကျန်ဘဲနဲ့ အပြင်သွားမယ်ဆိုရင် မီးမှန်သမျှ အားလုံးငြိမ်းသတ်သွားရပါမယ်။ လျှပ်စစ်ဓာတ်အားကိုလည်း မိန်းချပြီး ဖြတ်တောက်ထားခဲ့ရပါမယ်။ အိမ်တိုင်း မီးသတ်ဘူးတွေ ဆောင်ထားသင့်သလို စက်ရုံ၊ အလုပ်ရုံတွေမှာလည်း မီးသတ်ရေလှောင်ကန်တွေထားရှိခြင်း၊ မီးငြိမ်းသတ်မှု ဇာတ်တိုက်လေ့ကျင့်ခြင်းတွေ ပြုလုပ်ထားရမှာဖြစ်ပါတယ်။ အရေးပေါ် ဖုန်းနံပါတ် (၁၉၁) အပြင် မိမိတို့ရဲ့ မြို့နယ်မီးသတ်စခန်းဖုန်းနံပါတ်တွေကိုလည်း မြင်သာတဲ့နေရာမှာ ရေးမှတ်ထားရပါမယ်။ ကျွန်တော်တို့ မီးသတ်တပ်ဖွဲ့အနေနဲ့ သန္ဓေတပ်ဖွဲ့ဝင် ၃၀၀၀ ကျော်၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၂၄၀၀၀၀ ခန့် အင်အားနဲ့ ပြည်သူတွေရဲ့အသက်၊ အိုးအိမ်စည်းစိမ်တွေ၊ စက်ရုံ၊ အလုပ်ရုံ၊ အဆောက်အအုံတွေ၊ ယဉ်ကျေးမှုအမွေအနှစ်တွေကို ကာကွယ်စောင့်ရှောက်နေရတာဖြစ်တဲ့အတွက် ပြည်သူတွေရဲ့ ပူးပေါင်းပါဝင်မှုဟာ အလွန်ကိုမှပဲအရေးကြီးပါတယ်လို့တင်ပြလိုပါတယ်။ ။

မိုင်းနောင်တပ်နယ်နှင့် မိုင်းနောင်မြို့နယ် စုပေါင်းရဟန်းခံရှင်ပြုပွဲကျင်းပ

ရန်ကုန် မေ ၄

ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်ခရိုင် မိုင်းနောင်တပ်နယ်နှင့် မိုင်းနောင်မြို့နယ်တို့၏ ပထမအကြိမ် စုပေါင်းရဟန်းခံရှင်ပြုပွဲကို ဧပြီ ၂၃ ရက် နံနက်ပိုင်းက မိုင်းနောင်မြို့ မင်္ဂလာရန်အောင် ပရိယတ္တိစာသင်တိုက်၌ ကျင်းပရာ ရှေးဦးစွာ မင်္ဂလာရန်အောင် ပရိယတ္တိစာသင်တိုက် ဆရာတော် ဘဒ္ဒန္တ သီဟနာဒလင်္ကာရ အမှူးပြုသော ဆရာတော်များ၊ ရဟန်း ၄၅ ပါးနှင့် ရှင်သာမဏေ ၃၂ ပါးတို့အား မိုင်းနောင်တပ်နယ်မှ ဗိုလ်မှူးချုပ်သောင်းအေးနှင့်ဇနီး၊ အလှူရှင်များက လှူဖွယ်ပစ္စည်းများဖြင့် သိမ်ဆင်းလောင်းလှူကြသည်။

ယင်းနောက် ရေစက်ချအခမ်းအနားကိုကျင်းပရာ အစီအစဉ်အရ ဗိုလ်မှူးချုပ်သောင်းအေးနှင့်ဇနီး၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အလှူရှင်များ၊ ဒေသခံပြည်သူများက အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်ပြီး ဆရာတော်ကြီးထံမှ ငါးပါးသီလခံယူဆောက်တည်ကြကာ ဆရာတော်၊ သံဃာတော်များထံမှ ပရိတ်တရားတော်များ နာယူကြသည်။

ဆက်ကပ်လှူဒါန်း

ဆက်လက်၍ ဗိုလ်မှူးချုပ်သောင်းအေးနှင့်ဇနီး၊ တာဝန်ရှိသူများက ဆရာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ရေစက်သွန်းချအမျှပေးဝေကြသည်။

အခမ်းအနားအပြီးတွင် ဗိုလ်မှူးချုပ်သောင်းအေးနှင့်ဇနီး၊ အလှူရှင်များက ဆရာတော်၊ သံဃာတော်များနှင့် ရှင်သာမဏေ စုစုပေါင်း ၁၂၅ ပါးတို့အား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဖြူးဆရာတော်အား ပူဇော်ကန်တော့မည်

ရန်ကုန် မေ ၄

ပြည်တွင်းပြည်ပ မဟာစည်နာယက ဓမ္မကထိက ဗဟုဇနဟိတရေ ဘဒ္ဒန္တ နရပတိ(ဖြူးဆရာတော်)သည် ပြည်ပနိုင်ငံများသို့ ဓမ္မဒူတသာသနာပြု ကြွရောက်မည်ဖြစ်ရာ တပည့်ဒါယကာ၊ ဒါယိကာမများက မေ ၆ ရက်(သောကြာနေ့)တွင် ဓမ္မရက္ခိတ ဖြူးမဟာစည်သာသနာ့ရိပ်သာ အမှတ်(၅)ရပ်ကွက် လှိုင်မြို့နယ်၌ ပူဇော်ကန်တော့မည်ဖြစ်ကြောင်းသိရသည်။

(က-ပ)

ကေအင်န်ယူအကြမ်းဖက်သောင်းကျန်းသူများ ကျောက်ကြီးမြို့နယ်အတွင်းရှိကျေးရွာများသို့ လက်နက်ကြီး လက်နက်ငယ်များဖြင့်ပစ်ခတ် လူနေအိမ်များမီးရှို့၊ အပြစ်မဲ့ပြည်သူများဒဏ်ရာရရှိ

ရန်ကုန် မေ ၄

ကေအင်န်ယူအကြမ်းဖက်သောင်းကျန်းသူအဖွဲ့ တပ်မဟာ(၃) ရင်း(၈)မှ အင်အားစုအချို့သည် ဧပြီ၃၀ရက် ည၁၂နာရီခွဲခန့်တွင် ပဲခူးတိုင်း ကျောက်ကြီးမြို့နယ် မွေတော်ကျေးရွာနှင့် ကြောင်ပြာကျေးရွာတို့သို့ လက်နက်ကြီးလက်နက်ငယ်များဖြင့် အကြောင်းမဲ့ပစ်ခတ်၍ လူနေအိမ်ခြေများကို မီးရှို့ဖျက်ဆီးခဲ့ပြီး ဆုတ်ခွာထွက်ပြေးသွားခဲ့သည်။

အဆိုပါဖြစ်စဉ်တွင် သောင်းကျန်းသူများ၏ပစ်ခတ်မှုကြောင့် အပြစ်မဲ့ပြည်သူများဖြစ်ကြသည့် မွေတော်ကျေးရွာဘုန်းတော်ကြီးကျောင်းမှ ဆရာတော်နှစ်ပါး၊ ကြောင်ပြာကျေးရွာမှ အမျိုးသမီးတစ်ဦး ဒဏ်ရာရရှိခဲ့ပြီး လူနေအိမ်ခြေ စုစုပေါင်း၃၅လုံး မီးလောင်ပျက်စီးသွားခဲ့သည်။

ယင်းဖြစ်စဉ်သိလျှင်သိချင်း နယ်မြေခံတပ်မတော်စစ်ကြောင်းနှင့် တာဝန်ရှိသူများသွားရောက်၍ ဒဏ်ရာရလူနာများနှင့်အိုးမဲ့အိမ်မဲ့ပြည်သူများအား လိုအပ်သော ပံ့ပိုးကူညီမှုများစီစဉ်ဆောင်ရွက်ပေးပြီး ဆုတ်ခွာထွက်ပြေးသွားသော သောင်းကျန်းသူများအား နယ်မြေခံတပ်မတော်စစ်ကြောင်းများက ထက်ကြပ်လိုက်လံရှင်းလင်းချေမှုန်းလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လိပ်မျိုးများ ရေရှည်တည်တံ့ရန် ထိန်းသိမ်းစောင့်ရှောက်ရေး ပညာပေးနှိုးဆော်ချက် ၁/၂၀၀၅

လိပ်မျိုးများသည် ရှေးအကျဆုံးနှင့် သက်တမ်းအရှည်ကြာဆုံး သတ္တဝါများဖြစ်ပါသည်။ ယခုအခါ ကမ္ဘာပေါ်တွင် လိပ်မျိုးစိတ်အများအပြားသည် မျိုးသုဉ်းပျောက်ကွယ်မည့်အခြေအနေသို့ ရောက်ရှိနေပြီဖြစ်၍ မျိုးပြုန်းတီးလု သတ္တဝါမျိုးစိတ်တွင် သတ်မှတ်ထည့်သွင်း၍ ထိန်းသိမ်းကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။

ပင်လယ်လိပ်များသည် အရွယ်ရောက်ရန် အနှစ်၃၀မှ ၅၀အထိကြာမြင့်ပြီး အရွယ်ရောက် လိပ်ကြီးတစ်ကောင်ဖြစ်လာရန် မမျှော်မှန်းနိုင်လောက်အောင် ခဲယဉ်းပါသည်။ ကမ္ဘာတစ်ဝန်းလုံး၌ ပင်လယ်လိပ်မျိုးစိတ် ခုနစ်မျိုးရှိရာ မြန်မာနိုင်ငံတွင် ငါးမျိုးတွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ လိပ်မျိုးမပြုန်းတီးရေးနှင့် မြန်မာ့သက်ရှိ သယံဇာတများ ရေရှည်တည်တံ့စေရေးအတွက် အောက်ဖော်ပြပါအချက်များကို လိုက်နာဆောင်ရွက်ကြပါရန် နှိုးဆော်အပ်ပါသည်။

၁။ လိပ်ဥများကို တူးဖော်စားသုံးခြင်းမပြုရန်နှင့် လိပ်သားပေါက်များအား ထိန်းသိမ်းစောင့်ရှောက် ရှင်သန်ခွင့်ပေးရန်။

၂။ လိပ်များကို သတ်ဖြတ်စားသုံးခြင်းမပြုရန်နှင့် ငါးဖမ်းပိုက်များတွင် မတော်တဆဖမ်းဆီးရမိပါက ဘေးကင်းရာရေပြင်သို့ ပြန်လွှတ်ပေးရန်။

၃။ ငါးဖမ်းရေယာဉ်ရှိပိုက်များ၌ လိပ်များလွတ်မြောက်စေနိုင်သော ကိရိယာ Turtle Excluder Devices (TEDs) များ တပ်ဆင်သုံးစွဲရန်။

၄။ ငါးဖမ်းပိုက်အစများ၊ ရော်ဘာစများ၊ ပလတ်စတစ်အိတ်ခွံများနှင့် စက်သုံးစွန့်ပစ္စည်းများ၊ ဓာတုစွန့်ပစ္စည်းများ ရေပြင်သို့ မစွန့်ပစ်ရန်။

၅။ ငါးလုပ်ငန်းဦးစီးဌာနမှ ထုတ်ပြန်ထားသော အမိန့်ကြော်ငြာစာအမှတ်(၂/၉၃)ပါ ငါးလုပ်ငန်းဦးစီးဌာန၏ ခွင့်ပြုချက်မှတစ်ပါး မည်သူမျှ မည်သည့်လိပ်မျိုးကိုမဆို ဖမ်းယူခြင်း၊ သတ်ဖြတ်ခြင်း၊ အနှောင့်အယှက်ပြုခြင်း၊ သယ်ယူခြင်း၊ သိုလှောင်ခြင်း၊ ရောင်းချခြင်း၊ လက်ဝယ်ထားရှိခြင်းတို့အပြင် လိပ်ဥများကို ရွှေ့ပြောင်းခြင်း၊ တူးဖော်ခြင်း၊ သယ်ယူခြင်း၊ သိုလှောင်ခြင်း၊ ရောင်းချခြင်း၊ လက်ဝယ်ထားရှိခြင်းနှင့် အခြားနည်း တစ်စုံတစ်ရာဖြင့် နှောင့်ယှက်ခြင်းမပြုလုပ်ရန် ထုတ်ပြန်ထားသည့် တားမြစ်ချက်များကို လိုက်နာရန်။

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန
ငါးလုပ်ငန်းဦးစီးဌာန

တောင်ကြီးမြို့နယ် ထွန်တုံးပိတ်ပွဲနှင့် ကောက်စိုက်စွမ်းရည်ပြိုင်ပွဲကျင်းပ တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့် တက်ရောက်ကြည့်ရှုအားပေး

ရန်ကုန် မေ ၄

ရှမ်းပြည်နယ်(တောင်ပိုင်း)တောင်ကြီးမြို့နယ် ထွန်တုံးပိတ်ပွဲနှင့် မြို့နယ်အဆင့် ကောက်စိုက်စွမ်းရည်ပြိုင်ပွဲကို ဧပြီ ၂၆ရက် နံနက်ပိုင်းက တောင်ကြီးမြို့နယ် ပန်းစုံကျေးရွာ၌ ကျင်းပသည်။

ရှင်းလင်းတင်ပြ

အစီအစဉ်အရ တောင်ကြီးမြို့နယ်ဥက္ကဋ္ဌ ဦးဇော်လွင်က မြို့နယ်အတွင်း နွေစပါးစိုက်ပျိုးမှု အခြေအနေများကိုလည်းကောင်း၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ပြည်နယ်မန်နေဂျာ ဦးကျော်သန်းနှင့် ပြည်နယ်မြေစာရင်းဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူး ဦးတင်ဆန်းတို့က ပြည်နယ်အတွင်း နွေစပါးစိုက်ပျိုးမှု အခြေအနေများကိုလည်းကောင်း အသီးသီးရှင်းလင်းတင်ပြကြသည်။

အမှာစကားပြောကြား

ထို့နောက် တိုင်းမှူးက ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသဝမ်းစာဖူလုံရေး အတွက် ပိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရေး အကျယ်အဝင့် ရှင်းလင်းအမှာစကား ပြောကြားသည်။

ကြည့်ရှုအားပေး

ယင်းနောက် မြို့နယ်မန်နေဂျာ ဦးကျော်မြင့်က ပြိုင်ပွဲဝင်စည်းကမ်းချက် များကို ရှင်းလင်းဖတ်ကြားပြီး ပြိုင်ပွဲစတင်ရာ တိုင်းမှူးနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် မြန်မာ့စိုက်ပျိုးရေး လုပ်ငန်းမှ ခင်းကျင်းပြသထားသော စိုက်ပျိုးရေးပညာပေးပြခန်းနှင့် စက်မှု လယ်ယာဦးစီးဌာနမှ ပြသထားသော လယ်ယာသုံးစက်ကိရိယာပြခန်းများသို့ လှည့်လည်ကြည့်ရှု အားပေးပြီးနောက် နွေစပါး စိုက်ခင်းများအတွင်း ငါးမြစ်ချင်း၊ ငွေရောင်ငါးခုံးမ၊ ငါးမျက်ဆံနီ ငါးသားပေါက် စုစုပေါင်းကောင်ရေ တစ်သိန်းကို ထည့်လွှတ်ပေးကြသည်။

ဆုချီးမြှင့်

ပြိုင်ပွဲအပြီးတွင် မြို့နယ်အဆင့်နွေစပါးကောက်စိုက်ပြိုင်ပွဲဆုရအသင်း များအား တိုင်းမှူးနှင့် တာဝန်ရှိသူများက ဆုများအသီးသီးပေးအပ်ချီးမြှင့်သည်။

အဆိုပါ နွေစပါးကောက်စိုက်ပြိုင်ပွဲတွင် ကောက်စိုက်အသင်း ခြောက်သင်း ပါဝင်ယှဉ်ပြိုင်ကြပြီး တောင်ကြီးမြို့နယ်အတွင်း စုစုပေါင်း နွေစပါးဧက ၃၂၀၀ စိုက်ပျိုးပြီးစီးပြီးဖြစ်ကာ ၂၁၅၅ဧကကို အထူးအထွက်တိုး ရွှေရင်အေး စပါးမျိုးများ စိုက်ပျိုးထားရှိကြောင်း သိရသည်။

မှာကြား

ထိုမှတစ်ဆင့် တိုင်းမှူးသည် ပန်းစုံကျေးရွာရှိ ပြည်နယ်ရဲတပ်ဖွဲ့မှ စိုက်ပျိုးထားရှိသော နွေစပါးစိုက်ခင်း သမန်းနိုးဆောင်ရွက်နေမှုကို သွားရောက် ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ဖြည့်ဆည်းဆောင်ရွက်ပေး

ညနေပိုင်းတွင် တိုင်းမှူးသည် တာဝန်ရှိသူများနှင့်အတူ တောင်ငူ-လိပ်သို-ယာဒို-လွိုင်ကော်-ဟိုပုံးလမ်း မိုင်တိုင်အမှတ် ၁၄၇/၂ ရှိ ထီးစဲခါး တံတားသို့ သွားရောက်၍ တံတားအဟောင်းပြုပြင်ထားရှိမှုနှင့် တံတားသစ် တည်ဆောက်ရန် ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းတင်ပြကြပြီး တိုင်းမှူးက လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ခံနိုင်ဝန် တန် ၆၀

အသစ်တည်ဆောက်မည့် ထီးစဲခါးတံတားသစ်သည် သံကူကွန်ကရစ်အမျိုး အစားဖြစ်ပြီး တံတားအရှည်ပေ ၂၄၀၊ ယာဉ်သွားလမ်းအကျယ် ၂၄ပေ၊ တံတားအကျယ်ပေ ၃၀ရှိ၍ တံတားခံနိုင်ဝန်မှာ ယာဉ်တစ်စီးချင်းတန် ၆၀ရှိမည် ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဝိပဿနာတရားပတ် အစီအစဉ်

ရန်ကုန် မေ ၄

ရန်ကုန်မြို့ ငါးထပ်ကြီးဘုရားလမ်းရှိ ဓမ္မဇောတိဝိပဿနာ ရိပ်သာတွင် လယ်တီဆရာတော်ကြီး၏ နည်းနာနိဿယအတိုင်း မဟာသဒ္ဓမ္မဇောတိက ဓဇ ဆရာကြီး ဦးဂိုအင်ကာ၏ ၂၀၀၅ ခုနှစ် ဝိပဿနာတရားပတ် အစီအစဉ် အဖြစ် မေ ၄ ရက် ကလေး အာနာပါန (၈ နှစ်မှ ၁၂ နှစ်အထိ) တစ်ရက်၊ မေ ၅ရက် ကလေး အာနာပါန (၁၃ နှစ်မှ ၁၆ နှစ်အထိ) တစ်ရက်၊ သံဃာတော်များအတွက် မေ ၁၀ရက်မှ မေ ၂၁ ရက်အထိ ၁၀ရက် တရားပတ်၊ သံဃာတော်များအတွက် မေ ၂၃ရက်မှ မေ ၃၁ ရက်အထိ သတိပဋ္ဌာန်တရား ပတ်များ ဖွင့်လှစ်မည်ဖြစ်ရာ ဖုန်း- ၅၄၉၂၉၀ နှင့် ၅၄၆၆၆၀ တို့သို့ ဆက်သွယ်နိုင်သည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ ကြက်ခြေနီအသင်း

ထူးချွန်ကြက်ခြေနီတွေ့ဆုံပွဲ-၂၀၀၅

မေလ (၄)ရက် မှ (၁၀)ရက်

အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၊

လသာမြို့နယ်၊ ရန်ကုန်မြို့။

မုံရွာ-ယာကြီး-ကလေးဝလမ်း ပြင်ဆင်ထိန်းသိမ်း ဆောင်ရွက်မှုလုပ်ငန်းနှင့် ရာဇဂြိုဟ်ရေလှောင်တမံ စီမံကိန်းလုပ်ငန်းခွင် တိုင်းမှူး ဗိုလ်ချုပ်သာအေး စစ်ဆေး

ရန်ကုန် မေ ၄

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သာအေးသည် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် ဧပြီ ၂၇ရက် နံနက်ပိုင်းက မုံရွာ-ယာကြီး-ကလေးဝကားလမ်း ပြင်ဆင်ထိန်းသိမ်းဆောင်ရွက်မှု၊ တံတားများတည်ဆောက် နေမှုများ၊ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်အောင် ဆောင်ရွက်နေမှုများ လှည့်လှည်ကြည့်ရှုစစ်ဆေးပြီး ကြာပင်ကျေးရွာရှိ ဒေသခံပြည်သူများအား တွေ့ဆုံကာ ကျေးရွာရေရရှိရေးအတွက် တည်ဆောက်လျက်ရှိသော ဆည်ဆောက်လုပ်နေမှုနှင့် စပ်လျဉ်း၍ လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ရှင်းလင်းတင်ပြ

ထိုမှတစ်ဆင့် တိုင်းမှူးသည် ကလေးဝ-မော်လိုက်လမ်း ဖောက်လုပ်ရေး လုပ်ငန်းခွင်သို့ သွားရောက်ရာ တာဝန်ရှိသူများက ယောစုချောင်း တံတားနှင့် လမ်းတိုးချဲ့ဖောက်လုပ်နေမှုအခြေအနေများကို ရှင်းလင်း တင်ပြကြပြီး တိုင်းမှူးက လုပ်ငန်းအလိုက် စံချိန်မီပြီးစီးအောင်ဆောင် ရွက်ရေး မှာကြားကာ လိုအပ်သည် များဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အဆိုပါ ကလေးဝ-မော်လိုက်လမ်း ပေါ်ရှိ ယောစုချောင်းတံတားမှာ အရှည်ပေ ၁၇၀ရှိ တစ်လွှာတစ်ထပ် သံမဏိသံပေါင် တံတားအမျိုးအစား ဖြစ်သည်။

မှာကြား

ထို့နောက် တိုင်းမှူးသည် ၁၅/၄ မိုင်တိုင်တွင် လမ်းသစ်ဖောက်လုပ်နေမှုနှင့် လဟော်ချောင်း တံတား ဆောက်လုပ် မည့်နေရာတို့ကို ကြည့်ရှု စစ်ဆေးပြီး တာဝန် ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ဖြည့်ဆည်းဆောင်ရွက်

ယင်းနောက် တိုင်းမှူးသည် ရာဇဂြိုဟ် ရေလှောင်တမံစီမံကိန်း လုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှု စစ်ဆေးရာ ဆည်မြောင်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးမောင်မောင်တင်က လုပ်ငန်းအခြေအနေများကို ရှင်းလင်း တင်ပြပြီး တိုင်းမှူးက လုပ်ငန်းလိုအပ် ချက်များ မှာကြားဖြည့်ဆည်း ဆောင် ရွက်ပေးသည်။

စီစဉ်ဆောင်ရွက်

ထို့နောက် တိုင်းမှူးသည် ကလေးမြို့ ကန်သာယာဘုန်းတော်ကြီးကျောင်းသို့ သွားရောက်၍ ဆရာတော်အား လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းပြီး ရေဆန်ကျွန်းဘုရားတည်ထားမည့် ဂန္ဓကုဋိတိုက် ဆောက်လုပ်မှုနှင့် ပတ်သက်၍ စီစဉ်ဆောင်ရွက်ထားမှုများကို လျှောက်ထားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရေဝတီမြစ်ကူး ဗိုလ်မြတ်ထွန်းတံတား(ညောင်တုန်း) ရေကြောင်း အစုန်လမ်း၊ အဆန်လမ်း သတ်မှတ်ထား

ရန်ကုန် မေ ၄

ရေဝတီမြစ်ကူး ဗိုလ်မြတ်ထွန်း တံတား (ညောင်တုန်း)ရေကြောင်း တွင် ရေယာဉ်များခုတ်မောင်းရန် ရေလမ်းကြောင်းကို အဆန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၁၁)နှင့်(၁၂)အကြားမှ လည်းကောင်း၊ အစုန်လမ်းကို ရေလယ်တိုင်အမှတ်(၁၃) နှင့် (၁၄)အကြား အပြင်ရေလယ်တိုင် အမှတ် (၁၂)နှင့် (၁၃)အကြားကိုပါ အစုန်လမ်းအဖြစ် ဖွင့်လှစ်ပေးထားခဲ့သည်။

ယခုအခါ ရေလမ်းကြောင်း အခြေအနေအရ အစုန်လမ်းကို ဝင်ပေါက် တစ်ပေါက်တည်းဖြင့် ရေယာဉ်များလုံခြုံချောမွေ့စွာ ဖြတ်သန်း နိုင်ပြီဖြစ် သဖြင့် မေ ၁ ရက်မှ စ၍ အစုန်လမ်းအဖြစ် ရေလယ်တိုင်အမှတ် (၁၂)နှင့် (၁၃) အကြားမှ လည်းကောင်း၊ အဆန်လမ်းအဖြစ် ရေလယ်တိုင် အမှတ်(၁၁) နှင့် (၁၂)အကြားမှ လည်းကောင်း ဖွင့်လှစ်ထားသည်။

ရေယာဉ်များဖြတ်သန်းရမည့် ဝင်ပေါက်တွင် အစိမ်းရောင်တြိဂံ အမှတ်အသားပြသထားပြီး မဝင်ရမည့် ရေလမ်းတွင် အနီရောင်ကြက် ခြေခတ်အမှတ်အသား ပြသထားသည်။ဝင်ပေါက် ရေလယ်တိုင်များတွင် မြားအမှတ် အသားပြသထားသည်။တံတားအောက်ခြေ ပိုင်တိုင်အုတ်ခုံ အစွန်းများနှင့်မတိုက် မိစေရန် အုတ်ခုံအစွန်းများကို တံတား ပေါင်ပေါ်မှနေ၍ အနီရောင်မြား ပြသထားသည်။

ဗိုလ်မြတ်ထွန်းတံတားရေကြောင်းမှ ရေယာဉ်များဖြတ်သန်း ခုတ်မောင်းကြရာတွင် ရေစီးနှုန်း၊ လေတိုက်နှုန်း တို့ကို ချိန်ဆပြီးလုံလောက် သော အကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ဖြင့် ဖြတ်သန်းကြရန်နှင့် တွဲ ရေယာဉ်များ နှစ်စီးတွဲ မောင်းနှင်ခြင်း မပြုဘဲ တစ်စီးချင်း၊ တစ်တွဲချင်း မောင်းနှင်ကြရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက သတင်းထုတ်ပြန်ထားကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ဝန်ကြီး ဦးဉာဏ်ဝင်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ အာရှ-ဥရောပ အစည်းအဝေး(အေဆမ်) တက်ရန် ဂျပန်သို့ ထွက်ခွာ

ရန်ကုန် မေ ၄

ဂျပန်နိုင်ငံ ကျိုတိုမြို့၌ မေ ၅ရက်မှ ၇ရက်အထိ ကျင်းပမည့် အာရှ-ဥရောပ အစည်းအဝေး(အေဆမ်) ၏ (၇)ကြိမ်မြောက် နိုင်ငံခြားရေး ဝန်ကြီး များ အစည်းအဝေးသို့ တက်ရောက်ရန် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းခေါင်းဆောင်သော မြန်မာ ကိုယ်စားလှယ် အဖွဲ့သည် ယမန်နေ့ ညနေပိုင်းက လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ဂျပန်နိုင်ငံသို့ ထွက်ခွာ သွားသည့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း ခေါင်းဆောင် သော မြန်မာကိုယ်စားလှယ် အဖွဲ့ အား ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်မောင်ဦး၊ ပညာရေးဝန်ကြီး ဌာနဝန်ကြီး ဦးသန်းအောင်၊ နိုင်ငံ ခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်၊ ပြည်ထောင်စု မြန်မာ နိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံသံအမတ် ကြီး H.E Mr. Nobutake Odano နှင့် သံရုံးမှ တာဝန်ရှိသူများ၊ နိုင်ငံခြား ရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီး အကဲများနှင့် မြန်မာကိုယ်စားလှယ် အဖွဲ့ဝင်များ၏ မိသားစုများက ရန်ကုန် အပြည် ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက် ကြသည်။

(အပေါ်ပုံ) (သတင်းစဉ်)

ဧပြီ ၂၃ရက်က အမက (၂၁) ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် ၏ ၂၀၀၄-၂၀၀၅ ပညာသင်နှစ် အခြေခံပညာ မူလတန်းဆင့် သင် ယူပြီးမြောက်ခြင်းလက်မှတ် ပေး အပ်ပွဲတွင် စတုတ္ထတန်း (က)မှ မောင်ဘုန်းကျော်ဇောအား ကျောင်း အုပ်ဆရာမကြီးဒေါ်သောင်းမြက သင်ယူပြီးမြောက်ခြင်းလက်မှတ်ပေး အပ်စဉ်။ (က-ပ)

အမှတ် ၂၄၅ မဂ္ဂင်ကျောင်းလမ်း တောင်သူကုန်း ရပ်ကွက်အင်းစိန် မြို့နယ်နေ မအိရတနာဦး မိသားစုက အလှူငွေ ကျပ်တစ်သိန်းကို ဗြဟ္မ ဝိဟာရ ပရိယတ္တိ စာသင်တိုက် သုဒဿနလမ်း ၁၆/၂ ရပ်ကွက် သဃ်န်းကျွန်းမြို့နယ်ရှိနာရေးကူညီမှု အသင်း ရန်ကုန်သို့ လှူဒါန်းရာ ဦးဝင်း နိုင်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်း လွှာ ပြန်လည်ပေးအပ်စဉ်။(က-ပ)

ဂရင်းရွိုင်ရယ်ချန်ပီယံရှစ် ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပ တိုင်းမှူး ဗိုလ်ချုပ်သာအေး တက်ရောက်ဆုချီးမြှင့်

GRAND ROYAL
SPECIAL RESERVE
Golf Championship

ရန်ကုန် မေ ၄

မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်ကကြီးမှူး၍ မုံရွာ ဂေါက်ကလပ်နှင့် International Beverages Trading Co.,Ltd. တို့ ပူးပေါင်းကျင်းပသော ၂၀၀၄-၂၀၀၅ ခုနှစ် Grand Royal Special Reserve Golf Championship မုံရွာပွဲစဉ် ဂေါက်သီးရိုက်ပြိုင်ပွဲကို ဧပြီ ၃၀ ရက်နှင့် မေ ၁ ရက်တို့တွင် မုံရွာမြို့ မုံရွာဂေါက်ကလပ်၌ ကျင်းပသည်။

မေ ၁ ရက် ဒုတိယနေ့ (၁၈)ကျင်း ကစားအပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကိုကျင်းပရာ International Beverages Trading Co.,Ltd.မှ Quality Controlဒါရိုက်တာ ဦးတင့်ဦးက Nearest to The Pinဆုရရှိသော တင်လင်းကို၊ Longes Drive ဆုရရှိသော ဗိုလ်မှူးမျိုးဟန်ချင်း၊ Most Parဆုရရှိသော အောင်လွင်မိုးနှင့် Most Birdies ဆုရရှိသော ဆန်းညွှန့်တို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ Myanmar PGA နှင့် MGFအမှုဆောင် ဦးကိုကိုလေး၊ မုံရွာဂေါက်ကလပ်ဥက္ကဋ္ဌ ဗိုလ်မှူးကြီးလှငွေနှင့် အနောက်မြောက်တိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်တင်မောင်အုံးတို့က နှစ်သိမ့်ဆုရရှိသူတို့အား ဆုများကိုပေးအပ်ချီးမြှင့်သည်။

ယင်းနောက် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးက ပထမရရှိသော ခင်ဇော်ဝင်း၊ ဒုတိယရရှိသော ဝင်းထိုက်နှင့် တတိယရရှိသော သန်းနိုင်ဦးတို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

၂၀၀၄-၂၀၀၅ ခုနှစ် Grand Royal Special Reserve Golf Championship မုံရွာပွဲစဉ် ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယနေ့ ဆုချီးမြှင့်ပွဲတွင် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးက ပထမရရှိသော ခင်ဇော်ဝင်းအား ဆုချီးမြှင့်စဉ်။ (ဂေါက်သီးရိုက်အဖွဲ့ချုပ်)

ဂုဏ်ပြုလက်ဆောင်ပေး

International Beverages Trading Co.,Ltd. မှ Quality Controlဒါရိုက်တာဦးတင့်ဦးက မုံရွာဂေါက်ကလပ်ဥက္ကဋ္ဌ ဗိုလ်မှူးကြီးလှငွေအား ဂေါက်ကွင်းအတွက် မြက်ဖြတ်စက်တစ်စီး လှူဒါန်းပေးပြီး ဗိုလ်မှူးကြီးလှငွေကလည်း ဦးတင့်ဦး (IBTC) အား အမှတ်တရ ဂုဏ်ပြုလက်ဆောင် ပေးအပ်သည်။

IBTC မှ ဦးတင့်ဦးက မုံရွာဂေါက်ကလပ်ကို ရာသီဥတုအခက်အခဲများကြားမှ ဂရင်း(Green)များကို စိမ်းလန်းစိုပြည် သာယာလှပအောင် ကောင်းမွန်စွာ ထိန်းထားနိုင်သောကြောင့် ဂရင်း(Green)ထိန်းသိမ်းရေးအဖွဲ့များကိုယ်စား ဒုတိယဗိုလ်မှူးကြီး တင်ရွှေ(ငြိမ်း)အား ဂုဏ်ပြု ချီးမြှင့်ပေးအပ်ပြီး ညစာစားပွဲနှင့် တေးဂီတတို့ဖြင့် ဧည့်ခံဖျော်ဖြေကြသည်။

တာဝန်ယူဆောင်ရွက်

မုံရွာပွဲစဉ် ဂေါက်သီးရိုက်ပြိုင်ပွဲကို International Beverages Trading Co.,Ltd.က အဓိက ကူညီပံ့ပိုးပြီး Co-Sponsorများအဖြစ် Air Mandalay, POPA AQUA Drinking Water, Crusher Club Soda နှင့် Traders Hotelတို့ကလည်း ပါဝင်ကူညီကြပြီး ပြိုင်ပွဲ ဖြစ်မြောက်အောင်မြင်ရေးအတွက် Han Event Management က တာဝန်ယူဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အဆင့်မြင့်တန်း အမှတ်ပေးဘောလုံးပြိုင်ပွဲဆက်

ရန်ကုန် မေ ၄

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၄-၂၀၀၅ ခုနှစ် ဘောလုံးရာသီ အဆင့်မြင့်တန်း အမှတ်ပေးဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၄ နာရီက အောင်ဆန်းအားကစားပြိုင်ကွင်း၌ ဆက်လက်ကျင်းပရာ ဆောက်လုပ်ရေးအသင်းက လယ်ယာ/ဆည်မြောင်းအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ယနေ့ပွဲစဉ်များအပြီးတွင် နှစ်သင်းစလုံး ပွဲကုန်သွားပြီဖြစ်ရာ ဆောက်လုပ်ရေးအသင်းက ၁၅ ပွဲကစား (၂၆)မှတ်၊ လယ်ယာ/ဆည်မြောင်းအသင်းက ၁၅ ပွဲကစား (၁၀)မှတ်ရရှိကြသည်။

မေ ၅ ရက် **(ယနေ့)**ညနေတွင် ပွဲမရှိဘဲ မေ ၇ ရက် ညနေ ၄ နာရီတွင် အောင်ဆန်းအားကစားပြိုင်ကွင်း၌ ဘဏ္ဍာ/အခွန်အသင်းနှင့် စီးပွား/ကူးသန်းအသင်းတို့ ယှဉ်ပြိုင်ကစားကြရမည် ဖြစ်သည်။ **(မြန်မာ့အလင်း)**

ပြည်နယ်နှင့်တိုင်း အမျိုးသမီးဘောလုံးပြိုင်ပွဲ ယနေ့စတင်ကျင်းပမည်

ရန်ကုန် မေ ၄

အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ်ကျင်းပသည့် ၂၀၀၅ ခုနှစ် (၁၀)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အမျိုးသမီး(အလွတ်တန်း)ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပွဲစဉ်များကို မေ ၅ ရက် **(ယနေ့)**ညနေတွင် အောင်ဆန်းအားကစားပြိုင်ကွင်း၌ စတင်ကျင်းပမည်ဖြစ်သည်။

ပထမအဆင့် အုပ်စုပတ်လည်ပွဲစဉ်များကို ရေးဆွဲထားပြီးဖြစ်ရာ အုပ်စု(က)တွင် ဧရာဝတီတိုင်းအသင်း၊ ရခိုင်ပြည်နယ်အသင်း၊ ကရင်ပြည်နယ်အသင်းနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)အသင်း၊ အုပ်စု(ခ)တွင် ရန်ကုန်တိုင်းအသင်း၊ တနင်္သာရီတိုင်းအသင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)အသင်းနှင့် ကချင်ပြည်နယ်အသင်း၊ အုပ်စု(ဂ)တွင် လက်ရှိချန်ပီယံ မွန်ပြည်နယ်အသင်း၊ ကယားပြည်နယ်အသင်းနှင့် ပဲခူးတိုင်းအသင်း၊ အုပ်စု(ဃ)တွင် မန္တလေးတိုင်းအသင်း၊ စစ်ကိုင်းတိုင်းအသင်းနှင့် မကွေးတိုင်းအသင်းတို့ ပါဝင်ကြသည်။

ယခုနှစ်ပြိုင်ပွဲတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း)အသင်းနှင့် ချင်းပြည်နယ်အသင်းတို့ ပါဝင်ယှဉ်ပြိုင်နိုင်ခြင်းမရှိ၍ ၁၄ သင်းသာ ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ပွဲစဉ်ရေးဆွဲထားမှုအရ မေ ၅ ရက် **(ယနေ့)** ညနေ ၄ နာရီတွင် အောင်ဆန်းအားကစားပြိုင်ကွင်း၌ ပွဲဦးထွက်အဖြစ် ရန်ကုန်တိုင်းအသင်းနှင့် ကချင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည် ဖြစ်သည်။

ပထမအဆင့် အုပ်စုပတ်လည်ပွဲစဉ်များကို မေ ၆ ရက်မှစတင်၍ ကြည့်မြင်တိုင်မြို့နယ် စလင်းအားကစားကွင်းနှင့် တောင်ဥက္ကလာပမြို့နယ် ပဒေသာအားကစားကွင်းတို့၌ နံနက် ၇ နာရီခွဲနှင့် ညနေ ၄ နာရီတို့တွင် တစ်နေ့လျှင် လေးပွဲနှုန်း ကျင်းပသွားမည် ဖြစ်သည်။ ပထမအဆင့် အုပ်စုပတ်လည်ပွဲစဉ်များ မေ ၁၁ ရက်တွင် ပြီးဆုံးမည်ဖြစ်ရာ အုပ်စုပထမနှင့် အုပ်စုဒုတိယရရှိသောအသင်းများ ဒုတိယအဆင့်သို့ တက်ရောက်ယှဉ်ပြိုင်ခွင့်ရရှိကြမည် ဖြစ်သည်။ **(မြန်မာ့အလင်း)**

ကမ္ဘာတစ်လွှား အားကစား

လီဗာပူးက ချယ်လ်ဆီးကိုနိုင်၊ ချန်ပီယံလိဂ်ဗိုလ်လုပွဲ နွှဲမည်

လန်ဒန် မေ ၄

ချန်ပီယံလိဂ်ဘောလုံးပြိုင်ပွဲ ဒုတိယအကျော့ အကြိုဗိုလ်လုပွဲစဉ်အဖြစ် မေ ၃ ရက်က လီဗာပူး၏ အန်ဖီးလ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရာ လီဗာပူးအသင်းက ချယ်လ်ဆီးအသင်းကို နှစ်ပွဲပေါင်းရလဒ် တစ်ဂိုး-ဂိုးမရှိဖြင့်နိုင်ပြီး ဗိုလ်လုပွဲသို့ တက်ရောက်သွားပြီဖြစ်သည်။

ပွဲစလျှင်စချင်း နှစ်သင်းစလုံး လျင်လျင်မြန်မြန်ကစားခဲ့ရာ ဘောလုံးပရိသတ်များ အကြိုက်တွေ့စေသည့် ပွဲကြီးပွဲကောင်းတစ်ရပ်ဖြစ်ခဲ့သည်။

လီဗာပူးအသင်းသည် ချယ်လ်ဆီးအသင်းကို ပြီးခဲ့သောအပတ်က ဂိုးမရှိသရေကစားနိုင်ခဲ့သည်။ ယခုပွဲတွင် လီဗာပူးကွင်း၌ ယှဉ်ပြိုင်ကစားရ၍ လီဗာပူးတို့ စိတ်ဓာတ်ပိုင်း အသာရခဲ့သည်။

လီဗာပူးတို့သည် အိမ်ကွင်းအားသာချက်ကို အခွင့်ကောင်းယူ၍ ချယ်လ်ဆီးအား ပထမပိုင်း ပွဲစသည်ဆိုသည်နှင့်ပင် အနိုင်ဂိုးသွင်းထားရန် ပြင်ဆင်အားခဲထားခြင်းကြောင့် ပွဲစပြီး ငါးမိနစ်မှာပင် လူးဝစ်ဂါစီယာက လီဗာပူးအသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို သွင်းယူပေးလိုက်သည်။

ချန်ပီယံလိဂ် အကြိုဗိုလ်လုပွဲတွင် ချယ်လ်ဆီးအသင်းကို အနိုင်ရရှိပြီးနောက် လီဗာပူးမှ စတီဗင်ဂျရတ်နှင့် ရိုက်စ်တို့ ဤသို့ အောင်ပွဲခံခဲ့ကြသည်။ (ဓာတ်ပုံ-အင်တာနက်)

ချယ်လ်ဆီးအသင်းသည် တစ်ဂိုးသွင်းခံထားရ၍ ချေပဂိုးသွင်းနိုင်ရန် တစ်ချိန်လုံး လီဗာပူးဘက်သို့ ဖိကစားလာခဲ့သည်။

ချယ်လ်ဆီးမှ ဂျွန်တယ်ရီ၊ ဂျိုကိုးလ်၊ ဖရန့်လမ်းပတ်၊ မာ့ခ်လီလီ၊ တီယာဂို၊ ဒရော့ဘာတို့က ချေပဂိုးသွင်းနိုင်ရန် တိုက်စစ်အတွဲများဖြင့် လီဗာပူးဂိုးဝန်းကျင်တွင် အနီးကပ်ထိုးဖောက်ကစားလာသည်ကို တွေ့ရသည်။

ချယ်လ်ဆီး၏ ဖိကစားလာသည်ကိုကာကွယ်ရန် အသင့်ပြင်ထားသော အနီရောင်လီဗာပူးတို့က ချယ်လ်ဆီးတိုက်စစ်မှူးများ၏ အလှည့်၊ အခေါက်၊ အခုတ်ဘောလုံးများကို တစ်လုံးချင်း စနစ်တကျ ဖျက်ထုတ်ပစ်နိုင်ခဲ့သည်။

ထို့အတူ လီဗာပူးဂိုးသမား ဂျာဇီဒူဒက်ကလည်း ချေပဂိုးအသွင်းမခံရရေး အထူးကာကွယ် ဖမ်းယူသွားနိုင်ခဲ့သည်ကို တွေ့ရသည်။

ချယ်လ်ဆီးတို့ ဖိကစားနေသော်လည်း တစ်ခါတစ်ရံ လီဗာပူး တိုက်စစ်မှူးများက တစ်ဟုန်ထိုး ချယ်လ်ဆီးဂိုးရှေ့သို့ပြေးဆွဲသွားပြီး ဂိုးသွင်းကန်ချက်များကလည်း ချယ်လ်ဆီးပရိသတ်အတွက် ရင်တမမ ဖြစ်စေခဲ့သည်။

လီဗာပူးတို့သည် ရရှိထားသော အနိုင်ဂိုးရလဒ်ကို မဆုံးရှုံးရအောင် ခံစစ်ရေးတိုက်စစ်ပါ အတွဲညီညီကစားသွားသည်ကိုတွေ့ရသည်။ ဒုတိယပိုင်း ပြန်စသည်ဆိုလျှင်ပင် ချယ်လ်ဆီးတို့ အပေးအယူ အချိတ်အဆက်မိမိ လျင်လျင်မြန်မြန်ဖြင့် လီဗာပူးဘက်ကို ဖိကစားလာသည်။

သို့ရာတွင် လီဗာပူးနည်းပြ ဘင်နီတက်ဇ်နှင့် လီဗာပူးအိမ်ကွင်းပရိသတ်တို့၏ အားပေးမှုကြောင့် လီဗာပူးနောက်တန်း ပိုမိုအကွက်စေ့လာကာ ချယ်လ်ဆီးတို့ ဂိုးသွင်းခွင့်များ ဆုံးရှုံးခဲ့ရသည်။

လီဗာပူးကို ဂိုးသွင်းရန် ပို၍ပို၍ ခက်ခဲလာသည်ကို သိရှိလာသည့် ချယ်လ်ဆီးနည်းပြ မော်ရင်ဟိုက ဒုတိယပိုင်း တစ်ဝက်ကျိုးခါနီးတွင် ခြေစွမ်းကျလာသည့် ကစားသမားအချို့ကို လဲကစားသည်။ တီယာဂိုအစား ကက်ဇ်မန်း၊ ဂျိုကိုးလ်အစား ရော်ဘင်၊ ဂျရယ်မီအစား ရောဘတ်ဟုသ်တို့ ဝင်ကစားခဲ့သည်။

ထို့အတူ လီဗာပူးဘက်တွင်လည်း နည်းပြ ဘင်နီတက်ဇ်က သူ့အသင်းကို အားဖြည့်ပေးရာ ဟာမန်အစား ဟယ်ရီကီးဝဲလ်၊ လူးဝစ်ဂါစီယာ အစား အင်တိုနီယိုနူနက်ဇ်၊ မီလန်ဘားရို့စ် အစား ဆစ်စီတို့ကို လဲထုတ်ပွဲထုတ် ကစားခဲ့သည်။

ဘင်နီတက်ဇ် ပွဲထုတ်လိုက်သော လီဗာပူးတိုက်စစ်မှူး ဆစ်စီသည် ကွင်းအတွင်းသို့ ရောက်သည်ဆိုသည်နှင့် ထပ်ဆင့် အနိုင်ဂိုးသွင်းနိုင်ရေးအတွက် အထူးခြေစွမ်းပြ ကစားလာသည်။ တစ်ခါတစ်ရံ ဆစ်စီ၏ ပြေးလွှားထိုးဖောက်မှုများသည် ချယ်လ်ဆီးဂိုးထဲသို့ ဝင်လုနီးပါးဖြစ်ခဲ့သည်။

ထို့အတူ ချယ်လ်ဆီး တိုက်စစ်မှူးများကလည်း ပွဲပြီးရန် နီးကပ်လာသည်နှင့်အမျှ ချေပဂိုးသွင်းနိုင်ရေး ရေကုန်ရေခန်း ကစားလာသည်ကို တွေ့ရသည်။

ချယ်လ်ဆီး တိုက်စစ်မှူးများ၏ တရစပ်ဂိုးသွင်းနေမှုကြောင့် ဘောလုံးမှာ လီဗာပူးဂိုးဘားတန်းပေါ်က ကျော်သွားလိုက်၊ ဘေးနားက ပွတ်ကာသီကာ လွဲသွားလိုက်ဖြင့် လီဗာပူး ပရိသတ်တို့ သည်းထိတ်ရင်ဖိုဖြစ်ခဲ့ရသည်။

ထို့အတူ လီဗာပူးဂိုးသမား ဂျာဇီဒူဒက်မှာလည်း အနီးဘော၊အဝေးဘောများကို ခုန်၍တစ်ဖုံ၊ လှဲ၍တစ်သွယ် နည်းမျိုးစုံဖြင့် ဖမ်းယူနေရသည်။

ပွဲပြီးရန် မိနစ်ပိုင်းအလိုတွင် ချယ်လ်ဆီးတိုက်စစ်မှူး ဂတ်ဂျွန်ဆင် လျှပ်တစ်ပြက်ဖြတ်ပို့သော ဘောလုံးမှာ ဒရော့ဘာ အဝင်နောက်ကျ၍ ဘောလုံးမှာ ဘေးထွက်သွားသည်။

အနီရောင် လီဗာပူးပရိသတ်များကလည်း ဒိုင်လူကြီး လိုဘော့စ်မိုက်ကယ်၏ ပွဲပြီးခရာမှုတ်သံကို စောင့်မျှော်ရင်း လက်ခုပ်သြဘာသံများဖြင့်လည်းကောင်း၊ အလံများဝှေ့ယမ်း၍လည်းကောင်း အားပေးခဲ့ကြသည်။

ကွင်းလယ်ဒိုင်လူကြီး ဖိုဘော့စ် မိုက်ကယ်က ပွဲပြီးဆုံးကြောင်း ခရာမှုတ်လိုက်သည်ဆိုသည်နှင့် ကွင်းအတွင်း လီဗာပူးနည်းပြများနှင့် ကစားသမားများ ခုန်ပေါက်ပြေးလွှား အောင်ပွဲခံကြခဲ့ကြသည်။

လီဗာပူးတို့သည် ဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့ပြီဖြစ်ရာ ခြောက်နှစ်အတွင်း အင်္ဂလန်အသင်းအနေဖြင့် ပထမဆုံးအကြိမ်အဖြစ် ချန်ပီယံလိဂ်ဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့ခြင်း ဖြစ်သည်။ **(အင်တာနက်)**

လီဗာပူးအသင်းနှင့် ချယ်လ်ဆီးအသင်းတို့ ချန်ပီယံလိဂ်အကြိုဗိုလ်လုပွဲ ယှဉ်ပြိုင်ကစားရာတွင် လီဗာပူးမှ လူးဝစ်ဂါစီယာ(ယာ)**က ချယ်လ်ဆီးမှ ဂျွန်တယ်ရီကိုကျော်၍ တစ်လုံးတည်းသောအနိုင်ဂိုးကို သွင်းယူလိုက်စဉ်။** (ဓာတ်ပုံ-အင်တာနက်)

ဓမ္မာစရိယစာမေးပွဲအောင်မြင်တော်မူသော ဆရာတော်အား မိုးညှင်းမြို့တွင် ချီးကျူးပူဇော်ပွဲအခမ်းအနားကျင်းပ

မိုးညှင်း ဧပြီ ၄

၂၀၀၄ခုနှစ် နိုင်ငံတော်မှ ကျင်းပသော ဓမ္မာစရိယစာမေးပွဲတွင် ဖြေဆိုအောင်မြင်တော်မူခဲ့သည့် ကချင်ပြည်နယ် မိုးညှင်းမြို့ မဟာသတိပဋ္ဌာန် အရှေ့ ရိပ်သာကျောင်းတိုက်မှ ဦးဝါယမ(ဓမ္မာစရိယ)နှင့် ၂၀၀၀ပြည့်နှစ် နိုင်ငံတော်မှ ကျင်းပသော ဓမ္မာစရိယ စာမေးပွဲ၌ တစ်နိုင်ငံလုံးတွင် အောင်မှတ်အများဆုံးရရှိပြီး (ပထမ)အဆင့်ဖြင့် ဖြေဆိုအောင်မြင်တော်မူသော မိုးညှင်းမြို့ မဟာသတိပဋ္ဌာန် အရှေ့ရိပ်သာကျောင်းတိုက်မှ သာသနာ့နွယ်ဝင် သီလရှင် ဆရာလေး မဇေ(ဓမ္မာစရိယ)B.A, Final.Geog အား ချီးကျူးဂုဏ်ပြု ပူဇော် ပွဲကို မတ်၂၉ရက် မွန်းတည့်၁၂နာရီက အဆိုပါ မဟာသတိပဋ္ဌာန် အရှေ့ရိပ်သာ ကျောင်းတိုက်၌ စည်ကားသိုက်မြိုက်စွာကျင်းပခဲ့ကြောင်း သိရသည်။ **(၁၅၂)**

ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်ခရိုင် ရွှေတောင်မြို့နယ် ပေါင်းချုပ်အုပ်စု တဲကြီးကုန်း ကျေးရွာ ကိုယ့်အားကိုယ်ကိုး ပညာအလင်း ကျေးလက်လူငယ် စာကြည့်တိုက်ဖွင့်ပွဲကို ဧပြီ ၂၇ ရက်က အဆိုပါစာကြည့်တိုက် ရှေ့၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးသန်းမြင့်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ပဲခူးတိုင်း (အနောက်ပိုင်း) လက်ထောက် ညွှန်ကြားရေးမှူး ဦးစိန်တိုးနှင့် အလှူရှင် ရန်ကုန်မြို့ ခြောက်ထပ်ကြီး ကျောင်းတိုက် ဓမ္မရာမကျောင်း ဆရာတော် ဘဒ္ဒန္တ ဥတ္တမာစာရတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ် ပြန်/ဆက်)

ဒိုက်ဦးမြို့နယ် ပညာမျက်လုံးစာကြည့်တိုက်ဖွင့် သုတ၊ရသ စာအုပ်မျိုးစုံ လှူဒါန်း

ဒိုက်ဦး မေ ၁

ပဲခူးတိုင်း ဒိုက်ဦးမြို့နယ် အင်းသဇင်ကျေးရွာအုပ်စုတွင် ပညာမျက်လုံး ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို ဧပြီ ၂၉ ရက်က အဆိုပါကျေးရွာရုံး၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်စိန်၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်စန်းဦးနှင့် ကျေးရွာဥက္ကဋ္ဌ ဦးသောင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ (အောက်ပုံ)

ရှင်းလင်းပြောကြား

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး မြို့နယ်ဦးစီးမှူးက စာကြည့်တိုက် ရေရှည်တည်တံ့ရေးအတွက် ရှင်းလင်းပြောကြားသည်။

ထို့နောက် ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုကလှူဒါန်းသော သုတ၊ ရသစာအုပ်များ၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက လှူဒါန်းသော မဂ္ဂဇင်း စာအုပ်များအပါအဝင် စာအုပ်ပေါင်း ၂၅၀ကို မြို့နယ် ဥက္ကဋ္ဌက ပေးအပ်လှူဒါန်းရာ ကျေးရွာဥက္ကဋ္ဌက လက်ခံရယူသည်။

ဖွင့်ပွဲအခမ်းအနားများကျင်းပ

ဆက်လက်၍ အင်းသဇင် ကျေးရွာအုပ်စုရှိ အောင်ချမ်းသာကျေးရွာ၊ ကတက်မြောင်ကျေးရွာ၊ ကုန်းဝိုင်းကြီး ရွာလေးနှင့်သဲခင်တန်းကျေးရွာများတွင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားများ ကျင်းပကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ဧပြီ ၂၀ ရက်က တပ်ကုန်းမြို့နယ် တဲမြင့်အုပ်စု သရက်ပင် ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံးနှင့် စာပေဘဏ် ကျေးရွာ ကိုယ့်အား ကိုယ် ကိုး စာကြည့် တိုက်ဖွင့်ပွဲကို အဆိုပါ ကျေးရွာ၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်ဝေနှင့် မြို့နယ်ဦးစီးမှူး ဦးဌေးဝင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ် ပြန်/ဆက်)

ပြင်ဦးလွင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော မြို့သာယာလှပရေး လုပ်ငန်းများကို ဧပြီ ၆ရက်က စည်ပင်သာယာရေး ဦးစီးဌာန (ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ်(အင်/ယာ)ဦးကျော်ညွှန့်နှင့်အဖွဲ့ ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးအောင်မြင့်ဆွေက ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

ကတ္တရာခင်း

ဧပြီ ၁၅ရက်က သန်လျင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော ကျောင်းကုန်း – ဆိပ်ကြီးလမ်း ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်မှုကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမောင်စိုးနှင့် တာဝန်ခံ အင်ဂျင်နီယာဒေါ်ဝင်းမာတို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

မြင်းခြံခရိုင် ကြံခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း သုံးဘီးယာဉ်(သယ်/ပို့)လုပ်ငန်းဖွင့်ပွဲကျင်းပ

မြင်းခြံ မေ ၃

မြင်းခြံခရိုင်နှင့် မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ပြည်ခိုင်ဖြိုး သုံးဘီးယာဉ် (သယ်/ပို့) လုပ်ငန်းဖွင့်ပွဲကို ဧပြီ ၂၉ ရက် နံနက် ၇နာရီက ဗိုလ်ချုပ်လမ်းနှင့် လမ်းသစ်လမ်းဆုံရှိ နာရီစင်ရှေ့၌ ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးထွန်းဝင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးစန်းအောင်နှင့် အဖွဲ့ဝင်များ၊ ခရိုင်အသင်း အတွင်းရေးမှူး ဦးအောင်ဖုံနှင့် အလုပ်အမှုဆောင်များ၊ မြို့နယ်အသင်း အတွင်းရေးမှူး ဦးမြအောင်နှင့် အလုပ်အမှုဆောင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ မြို့ပေါ်ရပ်ကွက်များမှ ဥက္ကဋ္ဌနှင့် စည်းရုံးရေးမှူးများ၊ အသင်းဝင်များ တက်ရောက်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အခမ်းအနားတွင် မြင်းခြံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီး ထွန်းဝင်းနှင့် ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ဦးအောင်ဖုံတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ရေနံချောင်းစက်မှုဇုန်

အဆိုပါ သုံးဘီးယာဉ်များသည် ရေနံချောင်းစက်မှုဇုန် ပြိုင်မြင်းကုမ္ပဏီက ထုတ်လုပ်သော ယာဉ်များဖြစ်ကြောင်းသိရသည်။ **(သတင်းစဉ်)**

ပဲခူးတိုင်း သနပ်ပင်မြို့ ဘုရားကြီးပိုင်း ရပ်ကွက် ၂ လမ်း၏ (၁၂) ကြိမ် မြောက် နိဗ္ဗာန် ဈေးပွဲတော် ဖွင့်ပွဲ အခမ်းအနားကို ဧပြီ ၁၇ ရက်က ဈေးပွဲတော် ဗဟိုမဏ္ဍပ်ရှေ့တွင် ကျင်းပရာ မြို့နယ် ဥက္ကဋ္ဌ ဦးအောင်ကြည်က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

(မြို့နယ် ပြန်/ဆက်)

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးသစ်ဖွင့်ပွဲအခမ်းအနား တာလေမြို့၌ကျင်းပ

တာချီလိတ် ဧပြီ ၁၅

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် တာလေမြို့တွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးသစ်ဖွင့်ပွဲ အခမ်းအနားကို မတ် ၃၁ရက် နံနက်၉နာရီက ကျင်းပရာ ရှမ်းပြည်နယ်(အရှေ့ပိုင်း)ပြည်နယ် ပြန်ကြား ရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးစိုးနှင့် တာလေမြို့ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးမင်းဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူးက အဖွင့်အမှာစကားပြောကြားပြီး ကန်ထရိုက်တာဦးခင်မောင်လတ်က ဆောက်လုပ်ရေးနှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို ခရိုင်ဦးစီးမှူး ဦးလှဌေးထံ လွှဲပြောင်းပေးအပ်ကြောင်းသိရသည်။

(ခရိုင် ပြန်/ဆက်)

အမှတ် ၇၃၊၇၄ အောင်မင်းခေါင်လမ်း ကမာရွတ်မြို့နယ်နေ ဦးမျိုးဆွေ-ဒေါ်မြရှင် မိသားစုက အလှူငွေကျပ် သုံးသိန်းကို ဖြဟ္မဝိဟာရ ပရိယတ္တိ စာသင်တိုက် သုဒဿန လမ်း ၁၆/၂ရပ်ကွက် သဃၤန်းကျွန်းမြို့နယ်ရှိ နာရေး ကူညီမှုအသင်းသို့ လှူဒါန်းရာ ဒုတိယဥက္ကဋ္ဌ ဦးကျော်သူက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်စဉ်။ (မြန်မာ့အလင်း)

မော်လမြိုင်ကျွန်းမြို့နယ် သဲပုံစေတီဗုဒ္ဓပူဇနိယပွဲနှင့် ဆွမ်းဆန်စိမ်း လောင်းလှူပွဲအခမ်းအနားကျင်းပ

မော်လမြိုင်ကျွန်း မေ ၁

မော်လမြိုင်ကျွန်းမြို့ မြို့မ(၉)ရပ်ကွက် အောင်ရိပ်သာလမ်းထိပ်တွင် တည်ထားသော သဲပုံစေတီတော်၏ (၁၃)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်နှင့် သံဃာ့ဒါန ဆွမ်းဆန်စိမ်းလောင်းလှူပွဲတော်ဖွင့်ပွဲ အခမ်းအနားကို ဧပြီ ၂၄ရက် ညနေ ၅နာရီက သဲပုံစေတီတော်၌ ကျင်းပရာ မြို့နယ်အဖွဲ့ဝင်(၂)သာသနာရေးဦးစီးဌာန ဦးစီးမှူး ဦးမြင့်လွင်နှင့် ပွဲတော်ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးတင်လှိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် သဲပုံစေတီ ကျင်းပသည့် လေးရက်အတွင်း စေတီတော်ကို အနေကဇာတင်ပြီး ကျောင်းပေါင်း ၄၀ကျော်မှ သံဃာတော်အပါး ၈၀၀ ကျော်တို့အား ဆွမ်းလောင်းလှူ၍ ငွေပဒေသာပင်များ ဆက်ကပ်လှူဒါန်းကြသည်။ အဆိုပါ သဲပုံစေတီတော်တွင် ဦးသန်းစိန်၊ ဒေါ်သန်းသန်းအေး (သားသားလေးမုန့်ဆိုင်)မိသားစုနှင့် မြို့မ (၉) ရပ်ကွက် ဥက္ကဋ္ဌ ဦးမျိုးဆွေ၊ ဒေါ်ကျင်နွဲ့မိသားစုတို့က မတည်လှူဒါန်းခဲ့ကြရာ မတည်အလှူရှင်နှင့် မြို့နယ်အတွင်း အလှူရှင်များက ငွေကျပ် ၁၃သိန်းကျော် လှူဒါန်းကြကြောင်း သိရသည်။ **(ဝ၉၇)**

ဧပြီ ၂၂ရက်က အောင်လံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ မြို့သန့်ရှင်းသာယာလှပရေးအတွက် ပန်းအလှပင်များ ပျိုးထောင်မှုလုပ်ငန်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းဆွေ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

မြစ်သားမြို့နယ် စည်ပင်သာယာရေးအဖွဲ့က တာဝန်ယူဆောင်ရွက်သော ကျေးလက်အလှူရှင် နှစ်လက်မ စက်ရေတွင်းများ၏ စက်များကြွခိုင်မှုကို မတ် ၁၅ရက်က ဝက်ထိန်းကျေးရွာရှိ အလှူရှင် စက်ရေတွင်းကို အမှုဆောင်အရာရှိ ဦးကျော်ချမ်းမြင့် ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

မြန်မာ့အသံ

၆-၅-၂၀၀၅
(သောကြာနေ့)

နံနက်ပိုင်း

၀၇:၀၀ တရားတော် (ဦးဥတ္တမသာရဆရာတော်ကြီး၏ မေတ္တာသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၁၁:၁၅ စက်မှုစွမ်းအား ခေတ်ကျော်လွှား (အိမ်တွင်းစက်မှုလက်မှုမှ တိုင်းရင်းဆေးထုတ်လုပ်ခြင်း အကြောင်း-အပိုင်း-၁)
၁၁:၃၅ သုတရေးရာ ဖြေကြားလွှာ
၁၇:၀၀ သုတအဖြာဖြာ တိုင်းရင်းဆေးပညာ (ဆေးဖက်ဝင်မန်ကျည်းပင်)
၁၂:၃၀ ဇာတ်လမ်းပမာနားဆင်စရာ (မွန်မြတ်သောနှလုံးသား)

ညနေပိုင်း

၁၇:၃၀ ရေဒီယိုမဂ္ဂဇင်း
(၁)ဝမ်းပျက် ဝမ်းလျှောရောဂါနှင့် တိုင်းရင်းဆေး(ခေါင်းကြီး)
(၂)တိုင်းရင်းဆေးအစွမ်း အုံ့မခန်း (ဆောင်းပါးသရုပ်ဖော်)
၁၇:၅၀ နိုင်ငံတကာစီးပွားရေး သတင်းပဒေသာ
၁၈:၁၅ ကျေးလက်ဇာတ်လမ်း (သံသရာမလည်ရအောင်)
၁၈:၄၀ သိပ္ပံပညာသိကောင်းစရာ (အာဟာရနှင့် အသက်ရှည်ရေး-မောင်ဆုရှင်)

တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်မှုသင်တန်းဖွင့်

ဂန့်ဂေါ မေ ၁

တိုင်းရင်းဆေးပညာဖြင့် မိသားစုကျန်းမာရေး စောင့်ရှောက်မှုသင်တန်းဖွင့်ပွဲကို ဧပြီ ၂၅ ရက် နံနက် ၈ နာရီက ဂန့်ဂေါမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် ဂန့်ဂေါခရိုင် မိခင်နှင့် ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်သီတာနှင့် မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ချိုချို တို့က အမှာစကားပြောကြားကြပြီး တိုင်းရင်းဆေးပညာဦးစီးဌာန ဆေးခန်းမှူး ဦးမြင့်ဦးက သင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

သင်တန်းတက်ရောက်

သင်တန်းဖွင့်ပွဲသို့ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ မြို့နယ်ဥက္ကဋ္ဌ ဦးလှရှောင်နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။ **(၂၇၃)**

စီးပွားပန်းခင်း

LCCI Level I, II, III

ဦးဝင်းကို B.Com(Q), CPA, AACA (II)

[illegible]
Ph : [illegible]

ENGLISH

[illegible]
Saya Kyaw Kyaw Lwin
B.Sc (Hons) Chemistry Diploma in Pharmacy
Diploma in English (UFL) Diploma in English (ELTM)
Diploma in Advanced Computing
No. 86, 92nd Street, 2F, Mingalar Taung Nyunt Tsp.
Ph : 725785

ဝန်ထမ်းအလိုရှိသည်
(ပြည်တွင်း၌သာခန့်ထားရန်)

1. Manager Male(1)Post
2. Accountant Male/Female(2)Post
(B.Com,LCCI Leve l, II, III)
(ကွန်ပျူတာဖြင့်စာရင်းကိုင် ကျွမ်းကျင်ရမည်။)
3. Computer Operator Male/Female(2)Post
(အင်္ဂလိပ်/မြန်မာစာစီစာရိုက်ကျွမ်းကျင်ရမည်။)
4. Marketing Male/Female(2)Post
5. Electrical Power(B.E/A.G.T.I) ˚Male(2)Post
6. Mason(ပန်းရန်အလုပ်သမား) Male(2)Post

အမှတ်စဉ်အားလုံးအတွက် လုပ်ငန်းအတွေ့အကြုံအနည်းဆုံး(၂)နှစ်ရှိရမည်။

C.V Form၊ ဓာတ်ပုံ(၂)ပုံ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ မှတ်ပုံတင်မိတ္တူ၊ ပညာအရည်အချင်းအထောက်အထား မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူ၊ ရဲစခန်းထောက်ခံစာနှင့်အတူ ကြော်ငြာပါသည့်နေ့မှစ၍ (၁)လအတွင်း စာတိုက်သေတ္တာအမှတ်(၇၈၇)သို့ ပေးပို့လျှောက်ထားနိုင်ပါသည်။

DECO-LAND

ပိန်းမိုးရေကာဖျင်

အထူ / အပါး မျိုးစုံရရှိနိုင်ပါသည်။

အမှတ် [illegible]
ဖုန်း - [illegible]
ဖက်စ် - [illegible]

ငြင်းချက်ထုတ်ရန်သမ္မန်စာ
တရားမကျင့်ထုံးကိုဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀
ကော့ကရိတ်မြို့နယ်တရားမရုံးတော်၌
၂၀၀၅ ခုနှစ် တရားမကြီးအမှုအမှတ် ၄

မသူဇာနွယ်စိုး **နှင့်** မောင်စိုးပိုင်
(တရားလို) **(တရားပြိုင်)**

မောင်စိုးပိုင် အမှတ်(၂၇/ဘီ)၊ဗိုလ်ချုပ်လမ်း၊ဝင်းကြီးရပ်၊ အမှတ်(၂)ရပ်ကွက်၊ ကော့ကရိတ်မြို့ (ယခု နေရပ်လိပ်စာ မသိသူ) သိစေရမည်။

သင့်အပေါ်၌ မသူဇာနွယ်စိုးက လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခွင့်ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၀၅ ခုနှစ် မေလ ၁၂ ရက်နေ့(၁၃၆၇ခုနှစ် ကဆုန်လဆန်း ၅ ရက်)နေ့ မွန်းမတည့်မီ(၁၀း၀၀)နာရီအချိန်တွင် အထက်က အမည်ရေးသားပါရှိသူ တရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာရွက်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စား လှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၀၅ ခုနှစ် ဧပြီလ ၁၉ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဦးစော
မြို့နယ်တရားသူကြီး
ကော့ကရိတ်မြို့နယ်တရားရုံး။

ငြင်းချက်ထုတ်ရန်သမ္မန်စာ
တရားမကျင့်ထုံးကိုဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀
မော်လမြိုင်ခရိုင်တရားရုံးတော်၌ ၂၀၀၅ ခုနှစ် တရားမကြီးမှုအမှတ် ၁၈

ဒေါ်မြဝင်းကြည် **နှင့်** ဒေါ်ချိုချို(ခ)ဒေါ်သီသီအေး
အခန်း ၆၊ တိုးချဲ့ကမ်းနားလမ်း အမှတ်-၁၂၅၊(ဒုထပ်-ဝဲဘက်ခြမ်း)
မရမ်းကုန်းရပ်ကွက် ရှင်းပြန့်စားသောက်ဆိုင်ဘေး
မော်လမြိုင်မြို့။ အမှတ်(၁)ရပ်ကွက်၊အင်းစိန်လမ်းမကြီး၊ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်း။
(တရားလို) **(တရားပြိုင်)**

အထက်ပါအမှုမှ တရားပြိုင်ဖြစ်သော ဒေါ်ချိုချို(ခ)ဒေါ်သီသီအေး (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုဖြစ်သောဒေါ်မြဝင်းကြည်က ကြွေးကျန်ငွေ (၁၈၀၀၀၀၀-) ကျပ်တစ်ဆယ့်ရှစ်သိန်းပေးဆပ်စေရန် လျှောက်ထားစွဲဆိုချက် ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ ဖြစ်စေ ၂၀၀၅ ခုနှစ် မေလ ၂၇ ရက်နေ့(၁၃၆၇ခုနှစ် ကဆုန်လပြည့်ကျော်၅ရက်) နေ့ မွန်းမတည့်မီ ၁၀နာရီအချိန်တွင် အထက်က အမည်ရေးသားပါရှိသူ တရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေ ရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင်သင့်ကွယ်ရာတွင်ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။

သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့် အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၀၅ ခုနှစ် ဧပြီလ ၂၇ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဦးသက်စိုးအောင်
ခရိုင်တရားသူကြီး။

[illegible]

[illegible]

[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁	[illegible]	[illegible]	[illegible]	[illegible]
၂	[illegible]	[illegible]	[illegible]	[illegible]
၃	[illegible]	[illegible]	[illegible]	[illegible]
၄	[illegible]	[illegible]	[illegible]	[illegible]
၅	[illegible]	[illegible]	[illegible]	[illegible]
၆	[illegible]	[illegible]	[illegible]	[illegible]
၇	[illegible]	[illegible]	[illegible]	[illegible]
၈	[illegible]	[illegible]	[illegible]	[illegible]

[illegible]

ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း ပဲခူးတိုင်း ဒေသဖွံ့ဖြိုးတိုးတက်မှုများ ကြည့်ရှုစစ်ဆေး ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ တာဝန်ရှိသူများနှင့် လက်တွဲကြိုးပမ်းဆောင်ရွက် မျိုးကောင်းမျိုးသန့် ရော်ဘာပျိုးပင်များ ရယူတိုးချဲ့စိုက်ပျိုးရေး မှာကြား

ရန်ကုန် မေ ၄

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကို၊ တပ်မတော်အရာရှိကြီးများ၊ တိုင်း၊ ခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများလိုက်ပါလျက် မေ ၃ ရက် နံနက်ပိုင်းတွင် အမှတ်(၂)စက်မှုဝန်ကြီးဌာန အင်းတကော်စက်မှုနယ်မြေရှိ စက်ရုံများဖွင့်လှစ်ပွဲ အခမ်းအနားအပြီးတွင် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာကြရာ ဒိုက်ဦး-ညောင်ခါးရှည်လမ်းမှတစ်ဆင့် မင်္ဂလွန်းကျေးရွာသို့ ရောက်ရှိပြီးနောက် ဒိုက်ဦးမြို့နယ် မင်္ဂလွန်းကျေးရွာ၊ သုံးခွကျေးရွာနှင့် ဝေါမြို့နယ် သူရဲသမိန်ကျေးရွာကို ဆက်သွယ်ဖောက်လုပ်သည့် မြို့နယ်ချင်းဆက် ကျေးလက်လမ်းအူကြောင်းဖောက်လုပ်ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၃ ကော်လံ ၁ ■

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း ရွှေကျင်မြို့နယ် ဒုံဇရပ်ကျေးရွာအနီးရှိ နှစ်ရှည်သီးနှံ ရော်ဘာဧက ၁၀၀၀ စိုက်ပျိုးရန် မြေနေရာကွက် ဖော်ထုတ်မှုလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

လွန်ခဲ့သည့်နှစ်ပေါင်း ၂၃၀၀ ကျော်က မံမီ

လွန်ခဲ့သည့်နှစ်ပေါင်း ၂၃၀၀ ကျော်က မံမီတစ်ခုကို အီဂျစ်ရှေးဟောင်းပညာရှင်တစ်ဦး လေ့လာ ကြည့်ရှုနေစဉ်။ **(ဝဲပုံ)**

အဆိုပါမံမီကိုအီဂျစ်နိုင်ငံ ကိုင်ရိုမြို့တောင်ဘက် ပိရမစ်တစ်ခု၏ မြေအောက်တွင် ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။ ယင်းမံမီသည် အီဂျစ်ရှေးဟောင်း ဖာရိုဘုရင်များလက်ထက်က မံမီတစ်ခုဖြစ်သည့်အပြင် တောက်ပသောအရောင်များဖြင့် ဖုံးလွှမ်းထားသည့် လွန်ခဲ့သည့်နှစ်ပေါင်း ၂၃၀၀ကျော်က မံမီတစ်ခုဖြစ်ကြောင်း ရှေးဟောင်းသုတေသနပညာရှင်များက ပြောကြားသည်။ **(အေပီ)**

စက်ဘီးစီး စွမ်းရည်ပြသည့် မျောက်

တရုတ်ခရီးသွားဧည့်သည်များကို စက်ဘီးစီးပြနေသောမျောက်များအားတွေ့ရစဉ်။ **(ယာပုံ)**

တရုတ်နိုင်ငံအလယ်ပိုင်း ကိုင်ဖန်မြို့ရှိ ဥယျာဉ်တစ်ခုတွင် လာရောက် အပန်းဖြေကြသော ဧည့်သည်များအား မျောက်များက စက်ဘီးစီးနင်းပြီး စွမ်းရည်ပြဖျော်ဖြေလျက်ရှိရာ ခရီးသွား ဧည့်သည်များ ပိုမိုလာရောက်ရေး ဆွဲဆောင်မှုတစ်ရပ်အဖြစ် ပြသခြင်းဖြစ်ကြောင်းသိရသည်။ **(အင်တာနက်)**

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း (၁၅)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး ဆုံးဖြတ်ချက်(၆)ရပ်နှင့် ရှေ့လုပ်ငန်းစဉ်(၁၀)ရပ်ချမှတ်

ရန်ကုန် မေ ၄

ယနေ့ကျင်းပပြီးစီးသွားသည့် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း (၁၅)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးက ဆုံးဖြတ်ချက်(၆)ရပ်နှင့် ရှေ့လုပ်ငန်းစဉ်(၁၀)ရပ်တို့ကို ချမှတ်ခဲ့သည်။

ဆုံးဖြတ်ချက်(၆)ရပ်မှာ-

၁။ ကိုယ်ဝန်ဆောင်မိခင်တိုင်း ကိုယ်ဝန်ဆောင်စောင့်ရှောက်မှုခံယူစေရေးနှင့် ကျွမ်းကျင်သူများနှင့် မွေးဖွားနိုင်ရန်၊ အထူးသဖြင့် မြို့ပေါ်ဆင်ခြေဖုံးရပ်ကွက်များ၊ ကျေးလက်ဒေသများတွင် ပိုမိုကြိုးစားဆောင်ရွက်ကြရန်။

၂။ မြို့နယ်အသင်းများ၏ လုပ်ငန်းဆန်းစစ်ခြင်းများကို ပြည်နယ်၊တိုင်းကြီးကြပ်ရေးအဖွဲ့များက ဦးဆောင်လမ်းညွှန်ဆောင်ရွက်ရန်။

၃။ ကျန်းမာရေးပညာပေးဆရာဖြစ်သင်တန်းများကို ပြည်နယ်၊ တိုင်း ကြီးကြပ်ရေးအဖွဲ့များက မိမိအစီအစဉ်ဖြင့် သင်ရိုးညွှန်းတမ်းများရေးဆွဲပို့ချရန်။

၄။ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းကြီး၏ လမ်းညွှန်ချက်အရ မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းအဆင့်ဆင့်တို့မှ မိသားစုများတစ်ဖက်တစ်လမ်းက ဝင်ငွေရရှိပြီး လူမှုဘဝအဆင့်အတန်း မြင့်မားလာအောင် မိသားစုဝင်များအလုပ်ရရှိရေး၊ ဝင်ငွေတိုးရေးတို့ကို လုပ်ငန်းစဉ်တစ်ရပ်အနေနှင့် အထူးကြိုးစားဆောင်ရွက်လျက်ရှိသော်လည်း EU နှင့် အနောက်နိုင်ငံများမှ မိမိတို့နိုင်ငံအပေါ် စီးပွားရေးအရ ပိတ်ဆို့မှုများပြုလုပ်ခဲ့သည့်အတွက် စက်ရုံ၊ အလုပ်ရုံအချို့ ပိတ်သိမ်းခဲ့ရသဖြင့် အလုပ်လုပ်နေသောမိခင်များအတွက် များစွာထိခိုက်စေခဲ့ပါသည်။ ထို့ကြောင့် မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအနေဖြင့် ၎င်းလုပ်ရပ်များကို ရှုတ်ချ၍ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအနေဖြင့် မိသားစုဝင်ငွေတိုးလုပ်ငန်းများကို ဆက်လက်၍ ပိုမိုတိုးတက်အောင်ကြိုးစားဆောင်ရွက်သွားရန်။

၅။ လမ်းဖောက် တံတားဆောက်ခြင်းသည် လူအများအတွက် ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ လူမှုရေးလုပ်ငန်းများ တိုးတက်စေရန် အခြေခံကျသည့် အကြောင်းတရားများဖြစ်သည့်အတွက် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များအပါအဝင် NGO အဖွဲ့အစည်းများ၊ ပြည်သူလူထုများက မိမိဆန္ဒအလျောက် လုပ်အားကုသိုလ် ပါဝင်ကြခြင်းဖြစ်သော်လည်း အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့ (ILO)က မိမိတို့၏ ယဉ်ကျေးမှုဓလေ့ထုံးတမ်းစဉ်လာများကို သိရှိနားလည်ခြင်းမရှိဘဲ စုပေါင်းလမ်းဖောက်ခြင်း၊ တံတားများပြုပြင်ခြင်းတို့ကို အတင်းအကျပ်လုပ်အားပေးစေခိုင်းသည်ဟု

စာမျက်နှာ ၃ ကော်လံ ၄ ✡